# မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည် သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ကုန်းတော်မြေ Sheet Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်



ညောင်ရွှေ မေ ၁၉

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်နှင့် ကုန်းတော်မြေရေရှည်ခိုင်ခံ့ရေးအတွက် Sheet Pile ရိုက်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Sheet Pile ရိုက်ခြင်းလုပ်ငန်းတွင် ဟိုတယ်ဇုန်စက်လှေဆိပ်မှ ဖောင်တော်ဦးမြတ်စွာဘုရားကုန်းမြေသို့

စာမျက်နှာ ၁၁ ကော်လံ ၄ ➲

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

စာ - ၃ သို့

**ဆောင်းပါး**

## လူ့အဖွဲ့အစည်း၏ မရှိမဖြစ် အခြေခံအုတ်မြစ် ဖြစ်သော လုပ်သားကြီးများ

စာ - ၁၃ သို့

# ပဲခူးမြစ်ကူးတံတားကြီး သုံးစင်းတွင် သန်လျင်တံတားအမှတ်(၃)သည် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုတွင် အဓိကအထောက်အပံ့ပြုလျက်ရှိ

ရန်ကုန် မေ ၁၉

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုသည် အထူးအရေးပါလျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၌ သန်လျင်သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့သို့ဆက်သွယ်ထားသည့် သန်လျင်တံတားအမှတ်(၃)သည် ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်စည်စီးဆင်းမှုအတွက် အဓိကအထောက်အပံ့ပြုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့်သန်လျင်မြို့ကို ပဲခူးမြစ်ကြီးကပိုင်းခြားထားပြီး ကုန်စည်စီးဆင်းမှုနှင့် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်

စာမျက်နှာ ၁၁ ကော်လံ ၁ ●






## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၃၀ ရက်)

# ကျောင်းသား၊ ကျောင်းသူများအတွက် မျှတမှုနှင့်ဂုဏ်သိက္ခာ

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့်ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများဆောင်ရွက်နေစဉ် အဆိုပါငလျင်ကြီးကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုသတင်းနှင့်ပတ်သက်၍ မတ်လ ၂၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ထို့အတူ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၁ ရက်နေ့အထိ ပြန်လည်ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်းကိုလည်း ဧပြီလ ၂၂ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် အခြေခံပညာအဆင့်တွင် အထူးပင်အရေးပါလှသည့်စာမေးပွဲတစ်ခုဖြစ်သည်။ အခြေခံပညာမှအဆင့်မြင့်ပညာသို့ကူးပြောင်းရာတွင် တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုအောင်မြင်ပြီးမှသာ အဆင့်မြင့်ပညာရပ်များကိုဆက်လက်သင်ကြားနိုင်မည်ဖြစ်သည်။ ဤလောကတွင် လူအမျိုးမျိုး စိတ်အထွေထွေရှိသည့်အတိုင်း တချို့သောမိဘပြည်သူများက တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုခိုင်းခြင်းမပြုဘဲ အားလုံးကို စာမေးပွဲအအောင်ပေးစေချင်သည်။ သူတို့က လတ်တလောကြုံတွေ့နေရသည့်ငလျင်ဘေးဒဏ်ကြောင့် ကျောင်းသား၊ ကျောင်းသူများကို သနားစာနာစိတ်ဖြင့်ပြောခြင်းလည်းဖြစ်နိုင်သည်။ ဤကဲ့သို့လုပ်ဆောင်မည်ဆိုပါက လတ်တလောတွင် ကလေးများအတွက်အကောင်းဟုတွေးမြင်နိုင်သော်လည်း အဆိုပါလုပ်ဆောင်ချက်ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်ကို များစွာထိခိုက်နစ်နာစေမည်ကို ကြိုတင်တွေးဆသင့်လှသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမှုပြုလုပ်ရာတွင် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်ချက်မှန်သမျှ ပြည့်စုံအောင်ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ အချိန်အားဖြင့် လေ့လာကျက်မှတ်ချိန်လုံလောက်အောင်ပေးထားသည်။ ပြန်လည်ဖြေဆိုရန်အတွက် Camp များသွင်းပြီး လေ့ကျင့်သင်ကြားပေးသည့်စခန်းများတွင် Revision Class များဖွင့်လှစ်ကာ သင်ကြားပို့ချမည်ဖြစ်သည်။ Revision Class ဆိုသည်မှာ ကျောင်းတက်နေစဉ်အချိန်ကာလ၌ အရေးကြီးသည့်သင်ခန်းစာများကို တက္ကသိုလ်ပါမောက္ခများက Short to the Point သင်ကြားပေးမည်။ ထို့အတူ အဆိုပါကျောင်းတွင်ရှိနေသည့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအတွက် လေ့ကျင့်ပြီးသင်ကြားပို့ချပေးမည်ဖြစ်သည်။

လေ့ကျင့်သင်ကြားရေးစခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏စားဝတ်နေရေး၊ ကျန်းမာရေးမှအစ လိုလေသေးမရှိအောင်ဆောင်ရွက်ပေးထားပြီး ကျောင်းသင်ခန်းစာများအတွက် တက္ကသိုလ်အသီးသီးမှ ပါမောက္ခများက အနီးကပ်သင်ကြားပို့ချမည်ဖြစ်သည်။ အဆိုပါဆရာ၊ ဆရာမ၊ ပါမောက္ခများ၏နေထိုင်စားသောက်ရေးကိုလည်း စီစဉ်ပေးထားမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်သင်ကြားမှုမပြုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း Online Class များဖွင့်လှစ်ပေးမည်ဖြစ်သည်။ ထို့ပြင် Education Channel မှ သင်ခန်းစာများကို အမြဲမပြတ်ထုတ်လွှင့်ပေးနေမည်ဖြစ်ပြီး ပုဂ္ဂလိကကျောင်းများ၏ Youtube Channel၊ Telegram များ၏ပညာဒါနသင်တန်းများကလည်း သင်ခန်းစာများကိုလေ့လာနိုင်မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် Textbook များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက် စသည့်သင်ထောက်ကူပစ္စည်းများကိုလည်း ပညာရေးဌာနက ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲကိုပြန်လည်ဖြေဆိုစေခြင်းမှာ ကျောင်းသား၊ ကျောင်းသူများအကြား မျှတမှုရှိစေရေးအတွက်ဖြစ်သည်။ မန္တလေးငလျင်ကြောင့် အားလုံးအအောင်ပေးလိုက်မည်ဆိုပါက အကုန်အအောင်ပေးလိုက်သည့်ခေတ်တွင်အောင်လာကြသည့် ကျောင်းသား၊ ကျောင်းသူများဆိုပြီး ပြောလာကြမည်ဖြစ်သည်။ ထိုအရိပ်မည်းကြီးမဖြစ်စေချင်သည့်အတွက် တစ်နည်းဆိုရလျှင် ကျောင်းသား၊ ကျောင်းသူများ၏ဂုဏ်သိက္ခာအတွက် စာမေးပွဲကိုပြန်လည်ကျင်းပခြင်းဖြစ်သည်။ Grade-12 ဆိုသည်မှာ အသက်မွေးပညာတက္ကသိုလ်များ၏ဝင်ခွင့်အောင်လက်မှတ်တစ်ခုဖြစ်သည်။ ထို့ပြင် ပြည်တွင်းတက္ကသိုလ်သာမက နိုင်ငံတကာတက္ကသိုလ်များကိုသွားမည်ဆိုပါကလည်း Grade-12 မှာ GCEO Level နှင့်တူညီသည်။ နိုင်ငံတကာ၏ဝင်ခွင့်များကိုလျှောက်သည့်အခါလည်း မိမိတို့၏ Performance များကိုပြဖို့လိုအပ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲမှာ ရမှတ်နှင့်စိစစ်ရွေးချယ်ခြင်းဖြစ်၍ စာမေးပွဲကိုပြန်လည်ကျင်းပခြင်းမှာ မှန်ကန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်နှင့်အမှတ်စာရင်းများမှာ နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်လျှောက်သည့်အခါနှင့် အလုပ်များဝင်ရောက်လျှောက်ထားသည့်အခါတို့တွင် အရေးပါအရာရောက်လှသည်။ ယခုအခါ ပြန်လည်ဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ကျောင်းသားဦးရေ ၆၃၀၀၀ ခန့်ရှိပြီး စာစစ်ဌာန ၂၀၀ နီးပါးရှိသည်။ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက အစစအရာရာအဆင်ပြေအောင်စီစဉ်ပေးထားပြီးဖြစ်၍ အားလုံး စိတ်အားထက်သန်စွာဝင်ရောက်ဖြေဆိုကြရန်ဖြစ်သည်။ ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပပေးသည်မှာ ကျောင်းသား၊ ကျောင်းသူများအတွက် မျှတမှုနှင့်ဂုဏ်သိက္ခာအတွက်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကျောက်ဆည်မြို့နယ် သင်းတွဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်း၌ နွေနှမ်း ၁၃၉၇ ဧကလျာထားစိုက်ပျိုး

ကျောက်ဆည် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်း၌ နွေနှမ်း ၁၃၉၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်း၌ နွေနှမ်းသီးနှံများကို ပြည်တော်သာကျေးရွာအုပ်စု၌ ၁၅၈ ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၌ ၁၀၉ ဧက၊ ပုထိုးနီကျေးရွာအုပ်စု၌ ၁၂၅ ဧက၊ ကုလားချောင်းကျေးရွာအုပ်စု၌ ၂၁၇ ဧက၊ ငှက္ကတောင်ကျေးရွာအုပ်စု၌ ၃၉၃ ဧက၊ ထန်းဇင်တော်ကျေးရွာအုပ်စု၌ ၉ ဧက၊ အရှေ့ငယ်တိုးကျေးရွာအုပ်စု၌ ၂၁၂ ဧက၊ ရွှေဒါးကျေးရွာအုပ်စု၌ ၁၅၁ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စု၌ ၂၃ ဧက စုစုပေါင်း ၁၃၉၇ ဧက စိုက်ပျိုးလျက်ရှိသည်။

ထို့ပြင် ကျောက်ဆည်မြို့နယ်ရှိ စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းခြောက်ခု၌ နွေနှမ်းသီးနှံ ဧက ၂၉၀၀၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း၊ နွေနှမ်းသီးနှံများအောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃၀-၄-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နှယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်အား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ် မေလ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒသြဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များအပါအဝင် ပင့်သံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ ၁ ပါး၊ ဒီဃနိကာယကောဝိဒ ၂ ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ ၁ ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်းသံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဥပဒေဘာသာပြန်ကော်မရှင်
## အမိန့်အမှတ် ၁ / ၂၀၂၅
## ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

**(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)**

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Myanmar Stamp Act ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

**(ပုံ) ဒေါက်တာသီတာဦး**
**ဥက္ကဋ္ဌ**
**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အရ**

**( ဒေါက်တာသီတာစန်း )**
**အတွင်းရေးမှူး**
**ဥပဒေဘာသာပြန်ကော်မရှင်**

# ဧရာဝတီတိုင်းဒေသကြီး၏ လျာထားစိုက်ကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ






နေပြည်တော် ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး၏ လျာထားစိုက်ကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၇ ရက် ညနေပိုင်းက ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မန္တလေးလျောင်ကြီးကြောင့် ထိခိုက်မှုရှိခဲ့သည့် ဒေသများရှိ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း မြေဆီလွှာပြောင်းလဲမှု ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံအထွက်နှုန်းအထိုက်အလျောက် ကျဆင်းနိုင်မှုကိုကာမိစေရန် လျောင်ဒဏ်သက်ရောက်မှုမရှိသလောက်နည်းပါးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတွင် နွေစပါးနှင့်သီးနှံများ ရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် မိုးသီးနှံလျာထားကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအရင်းမပျောက်မတည်ငွေအဖြစ် ကော်မတီမှ ထုတ်ပေးထားသောချေးငွေများကို သတ်မှတ်ကာလအတွင်း အပြည့်အဝပြန်လည်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းအသားစားသုံးမှုဖူလုံရေးနှင့်မွေးမြူရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်မြေဒေသအလိုက် စွမ်းအားပြည့်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စနစ်တကျစီမံဆောင်ရွက်နိုင်ရန် မြို့နယ်/ခရိုင်အလိုက် တာဝန်ရှိသူများက ပကတိအခြေအနေမှန်ကို ပြုစုတင်ပြကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှု သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စနစ်ကျသော ငါးပုစွန်ဖမ်းဆီးမှု၊ စနစ်ကျသော ငါးပုစွန်မွေးမြူထုတ်လုပ်မှုဖြစ်စေရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီး မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

၎င်းနောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးမွေးမြူသူတောင်သူများအကျိုးနှင့် စားသုံးသူပြည်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ကျေပွန်စွာကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# လာမည့်ဇွန်လကျောင်းဖွင့်ချိန်တွင် Naypyitaw State Academy အဆင်သင့်ဖြစ်ရေး ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး




နေပြည်တော် ဧပြီ ၂၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ သွားရောက်၍ လာမည့်ဇွန်လကျောင်းဖွင့်ချိန်တွင် အဆင်သင့်ဖြစ်စေရေး လျောင်ဒဏ်ကြောင့်ဖြစ်ပေါ်နေသော အသေးစားထိခိုက်မှုများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ပြန်လည်ပြုပြင်မွမ်းမံရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး သတ်မှတ်အရည်အသွေးများပြည့်မီရေးအတွက် နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Naypyitaw State Academy ဝင်းအတွင်းရှိ လျောင်ဘေးဒဏ်သင့်ပညာရေးဝန်ထမ်းများနှင့် မိသားစုများ ယာယီတည်းခိုရေးစခန်းများ၌ နေထိုင်နေမှုကို လှည့်လည်ကြည့်ရှုပြီး နေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သူရိယတိုက်မှာ ကျွန်ုပ် အလုပ်ထုတ်ခံခဲ့ရပုံ အဖြစ်အပျက်ကို အထက်တွင် ဖော်ပြခဲ့ဖူးရာ အမှန်မှာ ကျွန်ုပ်၌ အပြစ်ရှိခြင်းမဟုတ်။ အလုပ်တစ်ခုခု၌ ကြာရှည်စွာမလုပ်ရသည့် ကျွန်ုပ်၏ဇာတာအတိုင်း ကျွန်ုပ်က ထွက်သည်ဖြစ်စေ၊ အလုပ်ရှင်က ထုတ်ပစ်သည်ဖြစ်စေ တစ်နည်းနည်းဖြင့် ထွက်ရသူတစ်ယောက်ဖြစ်ပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် ကျွန်ုပ်အလုပ်ထုတ်ခံရစဉ်က ကျွန်ုပ်အားဝိုင်း၍ တွန်းထုတ်ကြခြင်းကို အထိုက်အလျောက်မျှသာ ရိပ်မိခဲ့ရာ ယခုမှာမူ ၎င်းစာရေးက အသေးစိတ်ပြောပြခြင်းကြောင့် အလုံးစုံသိရှိခဲ့ရပါသည်။ ဤခြောက်နှစ်မျှသော အချိန်ကာလအတောအတွင်း၌ ကျွန်ုပ်ကိုဝိုင်း၍ တွန်းကြသည့် အယ်ဒီတာနှင့်စာရေးများသာမက လူရိုးကြီးတစ်ယောက်ဖြစ်သော တိုက်အုပ် ဦးလှဖေကိုယ်တိုင် အကြောင်းတစ်မျိုးစီဖြင့် သူရိယတိုက်မှ ထွက်သွားကြရ၍ ၎င်းတို့လူစုအနက်မှ တစ်ယောက်မျှ မကျန်ရှိတော့ကြောင်း ပြောပြလေသည်။

ဦးလှဖေကား ကျွန်ုပ်အပေါ်၌ မတရားပြုကျင့်သည်ဟု မစွပ်စွဲလိုပါ။ တွန်းသောလူများ၏ စကားကိုနားဝင်သဖြင့် ကျွန်ုပ်အပေါ်၌ အထင်လွဲပြီး ထုတ်လိုက်ခြင်းဖြစ်သည်ဟုပင် ယုံကြည်ပါသည်။ သို့နှင့်ပင် သူလည်း မသက်သာ။ သူ့အပေါ်၌ တခြားသောဒါရိုက်တာများက အထင်လွဲကြသည့် လက္ခဏာဖြင့် သူရိယတိုက်နှင့် အဆက်ဖြတ်ခြင်းခံရပါသည်။ ကျွန်ုပ်ကား ဤအချက်တွင် အတော်ထူးဆန်းသူတစ်ယောက်ဖြစ်၏။ သူရိယတိုက်ကိစ္စတွင်သာမက ကျွန်ုပ်၏အသက်တာနောက်ပိုင်းတွင်လည်း ကျွန်ုပ်ထင်ပေါ်ခြင်းကို မနာလိုသောသူများသည် သူတို့ကိုယ်တိုင် နစ်မြုပ်သွားခြင်းကိုတွေ့ရ၏။ ကျွန်ုပ်အား ကလော်ထုတ်ချင်သောသူများသည် သူတို့ကိုယ်တိုင် လွင့်စဉ်သွားခြင်းကို တွေ့ရ၏။ ကျွန်ုပ်အား အကျိုးယုတ်အောင် ဖန်တီးသောသူများသည် ၎င်းတို့အကျိုးပျက်စီးခြင်းကိုတွေ့ရ၏။ ထိုသို့သောလူများသည် ကျွန်ုပ်၏အသက်တာတွင် မနည်းလှချေ။

**"သူရိယတိုက်ကိစ္စတွင်သာမက ကျွန်ုပ်၏အသက်တာနောက်ပိုင်းတွင်လည်း ကျွန်ုပ်ထင်ပေါ်ခြင်းကို မနာလိုသောသူများသည် သူတို့ကိုယ်တိုင် နစ်မြုပ်သွားခြင်းကိုတွေ့ရ၏။ ကျွန်ုပ်အား ကလော်ထုတ်ချင်သောသူများသည် သူတို့ကိုယ်တိုင် လွင့်စဉ်သွားခြင်းကိုတွေ့ရ၏။ ကျွန်ုပ်အား အကျိုးယုတ်အောင် ဖန်တီးသောသူများသည် ၎င်းတို့ အကျိုးပျက်စီးခြင်းကိုတွေ့ရ၏။ ထိုသို့သောလူများသည် ကျွန်ုပ်၏အသက်တာတွင် မနည်းလှချေ..."**

ကျွန်ုပ်ကိုယ်၌က မနာလိုချင်စဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်လေသလောမပြောတတ်။ သို့ရာတွင် ကျွန်ုပ်နစ်နာသည်နှင့်အမျှ သူတို့လည်း အလားတူနစ်နာကြရသည်ချည်း ဖြစ်လေသည်။ တိုက်အုပ် ဦးလှဖေဆိုပါမူ သူရိယသတင်းစာတိုက်ကြီးကို ဦးဘဖေနှင့်အတူ တည်ထောင်ခဲ့သူဖြစ်ပါလျက် သူရိယသတင်းစာကို ဝယ်၍ဖတ်ရသောအဖြစ်သို့ ရောက်သွားခြင်းကို (နောက်ပိုင်း၌) သူကိုယ်တိုင် ကျွန်ုပ်အား ဝမ်းနည်းစွာနှင့် ပြောပြဖူးပါသည်။ ၁၉၃၄ ခုနှစ်လောက်၌မူ ဦးလှဖေသည် သူ့အိမ်ရှေ့မှ ကျွန်ုပ်လမ်းလျှောက်သွားခြင်းကိုမြင်သဖြင့် သူကိုယ်တိုင် ထွက်၍ခေါ်ခြင်း၊ လမ်း၌ သူကမြင်းရထားနှင့်ဆုံမိကြရာ မြင်းရထားကိုရပ်၍ ကျွန်ုပ်နှင့်ဆင်းပြီး စကားပြောခြင်း၊ ကျွန်ုပ်၏ အခြေအနေကိုမေးမြန်းခြင်း၊ အကူအညီလိုပါက ပေးဖို့အသင့်ရှိပါသည်ဟု ပြောခြင်းစသည်ဖြင့် နောင်တရသောလက္ခဏာများပြသည်။ ၁၉၃၆ ခုနှစ်တွင် သူရိယတိုက်သို့ ကျွန်ုပ် ဒုတိယအကြိမ်ပြန်ဝင်သောအခါတွင်လည်း သူကိုယ်တိုင်အိမ်သို့လာ၍ ဝမ်းသာကြောင်းပြောပါသည်။ ကျွန်ုပ်အား တိုက်အုပ်ဦးဘကလေးက ပြန်ခေါ်မည်ပြုရာတွင် (ဦးလှဖေမှာ ဦးဘကလေး၏သင်ဆရာဖြစ်သည်။) ဦးလှဖေကထုတ်ခဲ့သော လူတစ်ယောက်ဖြစ်၍ ပြန်ခေါ်ခြင်းကို ကန့်ကွက်ရန်ရှိပါသလောဟုမေးကြောင်း၊ ဦးလှဖေက ကန့်ကွက်ရန်မရှိသည့်အပြင် ဝမ်းသာပါသည်ဟု ပြန်ပြောလိုက်ရကြောင်းနှင့် ဦးလှဖေကိုယ်တိုင်က ပြောပြပါသည်။ ထိုနှစ်များတွင် ဦးလှဖေနှင့် ကျွန်ုပ်သည် ကြိမ်ဖန်များစွာ တွေ့ကြသော်လည်း ရှေးဟောင်းနှောင်းဖြစ်များအကြောင်းကိုမူ သူကလည်း စကားမစပ်၊ ကျွန်ုပ်ကလည်းမပြောဘဲ နားလည်မှုနှင့် ရှောင်ကွင်းကြပါသည်။ ဦးလှဖေသည် (၁၉၃၇ ခုနှစ် ထင်သည်။) စမ်းချောင်းရပ်၌ ကွယ်လွန်လေရာ စင်စစ်အားဖြင့်လူတော်လူကောင်းတစ်ယောက်ဖြစ်သော်လည်း ကြီးပွားရေးတွင် ထင်သလောက်မပေါက်ဘဲ ဘောဂဗေဒကျမ်းတစ်စောင်မျှနှင့်ပင် ဘဝဇာတ်သိမ်းသွားရရှာလေသည်။

### အတတ်မျိုးစုံရပြန်ခြင်း

ကျွန်ုပ်သည် နယူးဘားမားသတင်းစာတိုက်၌ အလုပ်လုပ်လျက်ရှိစဉ် သူငယ်ချင်းကိုခင်မောင်တင့်နှင့် လုံးမိကြပြန်သည်နှင့် အတတ်ပေါင်းစုံရပြန်လေပြီ။ ကိုခင်မောင်တင့်မှာ ဘိလပ်ပြန်တစ်ယောက်ဖြစ်သည့်အလျောက် ပျော်မှုပါးမှုအလုပ်မျိုးတွင် ဒိုးကဲ့သို့ 'မွှေ့' နိုင်သူတစ်ယောက်ဟူ၍ ဆိုလောက်ပေသည်။ ဟိုတယ်၌စားသောက်ခြင်း၊ ဘိလိယက်ထိုးခြင်း၊ ကလပ်တက်ခြင်း၊ မြင်းပွဲသွားခြင်း စသောအပျော်မှုနှင့် လောင်းကစားမှုများတွင် သူဝါသနာမပါသော အလုပ်မရှိချေ။

ဤအထဲတွင် မြင်းပွဲတစ်ခုမှတစ်ပါး ကျွန်ုပ်လည်း အားလုံးကြိုက်၍ သူ့ထံတွင် တပည့်ခံ၏။ မြင်းပွဲမှာမူကား တွက်ချက်တတ်သော ကျွန်ုပ်အဖို့မှာ မည်သည့်နည်းနှင့်မျှ ဝါသနာပါနိုင်စရာမရှိချေ။ ဤလောင်းကစားနည်းမျိုးကား ငွေကြေးတတ်နိုင်သော မြင်းရှင်များ၊ ဒါရိုက်တာများ၊ မြင်းပွဲနှင့်ဆိုင်ရာ ထရိန်နာ၊ ဂျော်ကီ၊ စတူးဝပ် စသောအလုပ်သမားများအတွက် ဖန်တီးထားသော လောင်းကစားနည်းဖြစ်၍ အရပ်သားများအဖို့မှာ မိုက်ရာကျသော ကစားနည်းသက်သက်ဖြစ်သည်ဟု ကျွန်ုပ်မြင်ထား၏။ အထက်ပါလူစုမှတစ်ပါး အရပ်သားများအဖို့မှာ နိုင်ချင်၍ လောင်းလျှင်လည်းမွဲဖို့သာများ၏။ ပျော်ချင်၍ လောင်းလျှင်လည်း တစ်ကျပ်တန်လောက် ပျော်ရဖို့အတွက် ငါးကျပ်ကုန်ရသော ပျော်နည်းမျိုးဖြစ်လေသည်။ သို့ရာတွင် လောက၌ စုံမှကျေနပ်သော ကျွန်ုပ်သည် နှစ်ခေါက်၊ သုံးခေါက်တော့ ရောက်လိုက်ပါသေး၏။ ထိုကဲ့သို့ ရောက်ခြင်းကြောင့်ဖြစ်ရသည့် ကျွန်ုပ်၏ထူးဆန်းသော အိပ်မက်များအကြောင်းကို ဖော်ပြရပါဦးမည်။

### ထူးဆန်းသော အိပ်မက်များ

ကျွန်ုပ်၏မိခင်သည် ထူးဆန်းသော အိပ်မက်များ မြင်မက်တတ်သည်ဟု တစ်နေရာ၌ အမြွက်မျှဖော်ပြခဲ့ဖူးရာ ကျွန်ုပ်မှာလည်း မိခင်ထံမှ ပါလေသလောမသိ။ (Psychic) ထူးဆန်းသော စိတ်သဘာဝတစ်မျိုး ဆက်ခံရရှိပုံရ၏။ ကျွန်ုပ်၏ အိပ်မက်များမှာ 'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်' ဟူ၍ မဆိုနိုင်လောက်အောင် ထူးဆန်းလှသောကြောင့် ဗဟုသုတအလို့ငှာ ဖော်ပြရပါဦးမည်။ ကျွန်ုပ်သည် နယူးဘားမားသတင်းစာတိုက်၌ အတွင်းရေးမှူးလုပ်လျက်ရှိစဉ် မြင်းပွဲဝါသနာပါသော ကိုထွန်းသန်းသည် နယူးဘားမားသတင်းစာ အယ်ဒီတာလုပ်လျက်ရှိ၏။ ထိုနှစ်က ရန်ကုန်မြင်းပွဲများတွင် 'တိုတယ်လိုက်ဇေးတား'ခေါ် လျှပ်စစ်ဓာတ်အားဖြင့် ဂဏန်းများပေါ်ထွက်သည့် စက်ကိရိယာကို စတင်အသုံးပြုသည်ဆိုသောကြောင့် ကျွန်ုပ်သည် ထိုစက်ကိရိယာကို မြင်လိုသည်နှင့် ကိုထွန်းသန်းနှင့်အတူ မြင်းပွဲသို့ လိုက်သွား၏။ သို့သော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သဘောပေါက်ထားသည် ဖြစ်သောကြောင့် တစ်ပြားတစ်ချပ်မျှ မလောင်းဘဲကြည့်ရှုံမျှသာကြည့်ပြီး ပြန်လာခဲ့လေသည်။ နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ (Daisy) 'ဒေစီ' ဟူသော မြင်း၏အမည်ကို အိပ်မက်မက်သည်ဟု သတိရ၏။ အလုပ်တိုက်သို့ ရောက်သောအခါ ကိုထွန်းသန်းအား 'ဒေစီ'ဟူသော မြင်းအမည်ရှိပါသလောဟုမေးကြည့်ရာ ရှိသည်ဟုပြော၏။ သို့သော် နောက်တစ်ပတ်တွင် ပြေးမည်မပြေးမည် မသိနိုင်သေး။ ဗုဒ္ဓဟူးနေ့မှ သိရမည်ဟု ပြော၏။ ဗုဒ္ဓဟူးနေ့တိုင်ရောက်၍ မြင်းပွဲ ဟင်ဒီကက် ထွက်လာသောအခါ 'ဒေစီ' ပါသည်ဟုပြော၍ ကိုထွန်းသန်းက အကြောင်းကို မေးသဖြင့် ကျွန်ုပ်က အိပ်မက်အကြောင်းကို ပြောပြ၏။ ကိုထွန်းသန်းသည် မြင်းပွဲဟင်ဒီကက်ကို တွက်ကြည့်ပြီးနောက် 'ဒေစီ'မှာ ဤ 'ခဲ' ဖြင့် မနိုင်နိုင်ဟု ပြောသော်လည်း စမ်းကြည့်ချင်သည်ဟုဆိုကာ နောက်တစ်ပတ်မြင်းပွဲတွင် ကျွန်ုပ်လိုက်သွား၏။ ကျွန်ုပ်၌ ငွေနှစ်ဆယ့်ငါးကျပ်ပါခဲ့ရာ ကိုထွန်းသန်းက ဤခဲဖြင့် မနိုင်နိုင်ပါဟု ပြော၍ လက်ဦးပွဲများမှ မြင်းများကို ထိုးခိုင်း၏။ ဒေစီ၏ပွဲမှာ နောက်ဆုံးပွဲ ဖြစ်နေလေသည်။ ကျွန်ုပ်သည် ကိုထွန်းသန်း၏ ဖြားယောင်းခြင်းများကို နားမထောင်ဘဲ (လက်မှတ်အတွက် ငါးကျပ်ပေးပြီးနောက်) ကျန်သော ငွေနှစ်ဆယ်ကျပ်ကို ကျစ်ကျစ်ပါအောင်ထုပ်ထား၏။ ပဉ္စမပွဲပြီးလတ်သော် ကိုထွန်းသန်း၌ တစ်ကောင်မျှ မတိုက်သောကြောင့် ပါသောငွေကုန်လေပြီ။ ဆဋ္ဌမပွဲတွင် ကိုထွန်းသန်းသည် ကျွန်ုပ်ထံမှ ငွေချေးလေရာ မကြည်မသာနှင့်ပင် ငွေတစ်ဆယ်ကျပ် ချေးလိုက်ရ၏။ ကိုထွန်းသန်းမှာ ထိုပွဲတွင်လည်း မတိုက်ချေ။ ကစားသမားတို့မည်သည်မှာ လက်ထဲ၌ ငွေကုန်သောအခါ မြင်သောလူထံမှ ချေးချင်တတ်၏။ **ဆက်လက်ဖော်ပြပါမည်။**

---

## လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

ကျောက်ဆည် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာများတတ်မြောက်ပြီး မိသားစုအပိုဝင်ငွေမှ စီးပွားဖြစ်ဝင်ငွေရရှိရေးအတွက် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းကို ဧပြီလ ၂၈ ရက်က ကျောက်ဆည်မြို့နယ်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးဝင်းက ဘက်စုံသုံးဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဧပြီလ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)



# ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး ဧပြီ ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြခိုင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးမြို့ မင်္ဂလာစေတီမှ အင်းဝမြို့ဟောင်း တတိယမြို့ရိုးသို့ဆက်သွယ်ဖောက်လုပ်ထားသည့် ဘကြီးတော်မင်းတရားကြီးလက်ထက်က မင်းသားကြီးမောင်အိုက အေဒီ ၁၈၂၇ ခုနှစ်တွင် ပြုပြင်ဖောက်လုပ်ထားသည့် မဟာဇေယပထမောင်အိုအုတ်လမ်းသို့ ရောက်ရှိပြီး မောင်အိုအုတ်လမ်းပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် ညှိနှိုင်းထားပြီးဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တောင်ပေါ်တိုက်ဘုရားစုများဖြစ်သည့် ရှေးဟောင်းအဆောက်အအုံအမှတ် ၂၃၃၊ ၂၃၄ ငလျင်ကြောင့် ပျက်စီးနေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အေဒီ ၁၆၈၂ ခုနှစ်တွင် ညောင်ရမ်းမင်းတည်ခဲ့သော မဟာမြတ်မုနိဘုရား ခေါ် စန္ဒာမုနိဘုရား၌ ရန်ကုန်မြို့မှ ဆရာတော် ဦးပညာသာရဦးစီးသောပရဟိတအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းကို စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ လေးထပ်ကြီးဘုရား ငလျင်ဒဏ်ကြောင့် ပြိုပျက်မှုအခြေအနေကိုလည်းကောင်း၊ အေဒီ ၁၇၃၃ တွင်တည်ထားခဲ့သည့်လောကသရဖူဘုရား ထိခိုက်ပျက်စီးမှု အခြေအနေကိုလည်းကောင်း၊ အင်းဝ ရှေးဟောင်းသုတေသနပြတိုက် ထိခိုက်ပျက်စီးခဲ့မှုများကိုလည်းကောင်း၊ အေဒီ ၁၇၈၂ ခုနှစ် ဘိုးတော်ဘုရားလက်ထက်က ကျွန်းတိုင် ၂၆၇ လုံးဖြင့်တည်ဆောက်ခဲ့သည့် ဗားကရာသစ်သားကျောင်းတော်ကြီးကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာများကို မှာကြားသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက မန္တလေး၊ အင်းဝ၊ ပင်းယ၊ ပလိပ်၊ မက္ခရာ၊ စစ်ကိုင်း စသည့်ဒေသများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ အဖွဲ့ရှစ်ဖွဲ့ ဖွဲ့စည်း၍ UNESCO Guide Line နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး Assessment များကောက်ယူလျက်ရှိကြောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ဦးစားပေးအဆင့်သတ်မှတ်ခွဲခြားလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ပုဂံငလျင်ဖြစ်ပွားခဲ့ပြီးနောက် UNESCO ပညာရှင်များ လာရောက်ပြုစုသင်ကြားပေးခဲ့သည့် ပုံစံ၊ စနစ်၊ ဇယားများအား မှီငြမ်းနမူနာယူ၍ ရှေးဟောင်းစေတီ၊ ပုထိုးများ၏ ဗိသုကာနှင့် အနုပညာလက်ရာများအား စိစစ်မှတ်တမ်းပြုစုလျက်ရှိကြောင်း၊ အင်းဝဒေသသည် ရှေးဟောင်းအဆောက်အအုံ ၉၆၁ ခုရှိသည့်အနက် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ ၆၁၄ ခု စစ်ဆေးတွေ့ရှိကာ စာရင်းကောက်ယူပြီးစီး၍ အသေးစိတ်စာရင်းသွင်းမှု ၅၀၀ ကျော်ပြီးစီးပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ Grading ခွဲပြီးပါက ပြုပြင်ထိန်းသိမ်းခြင်းကို ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာပညာရှင်များ၏ အကြံပြုချက်များနှင့် အဆင့်သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပထမအင်းဝခေတ်က မင်းကြီးစွာစော်ကဲ အေဒီ ၁၃၇၀ တွင် တည်ထားခဲ့ပြီး ညောင်ရမ်းမင်းအဆင့်ဆင့် အထူးအလေးထားကိုးကွယ်ခဲ့သည့် အင်းဝရွှေစည်းခုံစေတီတော်သို့ရောက်ရှိပြီး ယခင်ရှေးခေတ်ကာလက ခေတ်အဆက်ဆက်ကလည်း ပြိုကျပျက်စီးမှုရှိခဲ့သည့် မှတ်တမ်းများရှိသည်နှင့်အညီ ယခုငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို စနစ်တကျရှင်းလင်း၍ နောင်ငလျင်ဒဏ်ခံနိုင်ရန်ပါ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြုပြင်တည်ဆောက်သွားရန်ဖြစ်ကြောင်း ဂေါပကအဖွဲ့အား မှာကြားကာ စေတီကြီး ထိခိုက်ပျက်စီးမှုရှင်းလင်းရေးနှင့် ပြုပြင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မဟာရတနာဘုံမ်သာသစ္စာတိုက်ဘုရားကိုလည်းကောင်း၊ စတုတ္ထအင်းဝမြို့တည် ဘကြီးတော်မင်း အေဒီ ၁၈၂၂ တွင်တည်ဆောက်ခဲ့သည့်အမြင့်ပေ ၆၀ ရှိသည့် နန်းမြင့်မျှော်စင် ပြိုကျပျက်စီးနေမှုကိုလည်းကောင်း၊ အေဒီ ၁၈၂၂ တွင် ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်း(ခ) မယ်နုအုတ်ကျောင်းကိုလည်းကောင်း၊ ထီးလှိုင်ရှင်ဘုရားစုထိခိုက်ပြိုပျက်နေမှုကိုလည်းကောင်း၊ အင်းဝရွှေနန်းကျော့ရှင်နရပတိ၏နန်းတည်ကျောက်စာကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်ဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာမည့်ပညာသင်နှစ် ဇွန်လတွင် ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်းရှိ စာသင်ဆောင်များနှင့် ရှေးဟောင်းကျောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ တောင်ကြီးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) အမှတ်စဉ်(၁/၂၀၂၅)တွင် တက်ရောက်သင်ကြား၊ သင်ယူနေကြသော ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့်ဇွန်လတွင် ကျောင်းများအချိန်မီပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ တာဝန်ကျရာ ဒေသအသီးသီးရှိ စာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ်ပညာတတ်မြောက်အောင် စေတနာထား၍ ကြိုးစားသင်ကြားပေးစေလိုကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေးသာမက ဉာဏ်ပညာနှင့်တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး ဘာသာရပ်ဆိုင်ရာဌာနများအလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(ဟဲဟိုး)နှင့် အခြေခံပညာအလယ်တန်းကျောင်း(ဟဲဟိုး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကိုမှာကြားပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှု ကိုကြည့်ရှုစစ်ဆေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၌ အဆောက်အအုံအပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အောင်မြေသာစံမြို့နယ်နှင့်ချမ်းအေးသာစံမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရန် Modular House များတပ်ဆင်နေသည့်အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော မဟာစေတီလှစေတီတော်ကြီးအား ပြန်လည်တည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်း၊ တိုင်းထွာခြင်းများနှင့် သိရီမင်္ဂလာကုန်းကျော်တံတား ကြံ့ခိုင်မှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီ၊ သောတာပန်ရပ်ကွက်ရှိသုတေသကသီလရှင်ကျောင်းတိုက်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ သောတာပန်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပါရမီရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ လုပ်ငန်းခွင်အနီးရှိပစ္စည်း လက်ခံ/လွှဲပြောင်းရေးအဖွဲ့ယာယီရုံးတွင် အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းရာ၌ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများအားလည်းကောင်း၊ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်းကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ 26 Leo တည်းခိုခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း ၂၆-၂၇ လမ်းကြားရှိ မြစ်ဆုံဟိုတယ်နေရာများသို့ သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေး၍ ပိုင်ရှင်များနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် မန္တလေးမြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ၂၆ လမ်းမကြီးသည် အများပြည်သူများ နေ့စဉ်အသုံးပြုမှုများသည့် လမ်းမကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့်အတွက် နေ့စဉ်ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအဆောက်အအုံအပျက်အစီးများအား အမြန်ဆုံးဖယ်ရှားရှင်းလင်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာစန္ဒာမုနိမြတ်စွာဘုရား၊ အမရပူရမြို့နယ်ရှိ လိုရာဆုယူဘုရားသုံးဆူမြတ်စွာဘုရား၊ ပွဲပါမင်းကျောင်းတိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက်ပြန်လည်ပြုပြင်

စာမျက်နှာ ၇ သို့ ❐

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော် တည်ဆောက်ရေးအထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာနအဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများအပါအဝင် အခြားအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်-

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၆၉၆၀၀၆၉၉၉)။

(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄°C / | ၃၅°C |
| ရန်ကုန် | ၂၃°C / | ၃၄°C |
| မန္တလေး | ၂၅°C / | ၃၆°C |

လျှပ်စစ်
မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်
ရေချိုကို
ချွေတာကြပါစို့

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့က လူသားချင်းစာနာထောက်ထားမှုအကူအညီများ လာရောက်လှူဒါန်း

နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့အား နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့်အဆောက်အအုံထိခိုက်ပျက်စီးမှုအခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ယခုကဲ့သို့ပစ္စည်းများလာရောက်လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း တင်ပြလျှောက်ထားပြီး ငလျင်ကြောင့် ဝန်ကြီးဌာနရုံးအဆောက်အအုံထိခိုက်မှုများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အရှင်ကုမာရဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့က ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့အား ဝန်ကြီးဌာနမျက်နှာစာ၌ ဝန်ထမ်းများအတွက် ယာယီဘာရှာများ စနစ်တကျ တည်ဆောက်နေမှုကိုလိုက်လံပြသခဲ့သည်။

**(သတင်းစဉ်)**




❒ **စာမျက်နှာ ၆ မှအဆက်**

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေးဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဉင်းနောက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် လမ်းမကြီးဘေးဝဲ/ယာမျက်နှာစာအားဦးစားပေး၍ အန္တရာယ်ရှိအဆောက်အအုံများအား အမြန်ဆုံးဖယ်ရှားရှင်းလင်းရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်ရှိ သာသနာဒီပဓမ္မဂါရဝကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်နှင့်တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ(၄၀၃၉)လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ(၃၇၇၉)လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိ အဆောက်အအုံ(၂၆၀)လုံးမှ အဆောက်အအုံ(၁၉၁)လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ(၆၉)လုံးဖြစ်သည်။

ထို့နောက် ကျောက်ဆည်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန်အတွက်သင်ခန်းစာများပြန်လည်သင်ကြားလေ့ကျင့်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး Grade-12 ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသားမိဘများအားတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဉင်းနောက် ဆူးကုန်းရပ်ကွက်၊ ဆူးကုန်းကျောင်း၌ ထိုင်းတပ်မတော်ဆေးတပ်ဖွဲ့မှ Dr.narutmon နှင့်အဖွဲ့သား(၃၉)ဦး(Team Thailand 2025 HDRD Mission in Myanmar) အဖွဲ့အားတွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများအား ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာအုပ်စုရှိ ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည်စက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ခေတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီးစီး၍ လုပ်ငန်းများပြန်လည် လည်ပတ်နေမှုများအား စစ်ဆေးခဲ့ပြီး ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရေး၊ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် အရည်အသွေးမြင့်အထပ်သားများကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆူးကုန်းရပ်ကွက်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အဆောက်အအုံထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ယာယီရုံးရွှေ့ပြောင်းဆောင်ရွက်ရန်အတွက် Modular House (၃)လုံးတည်ဆောက်ပေးမည့်နေရာတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောက်ဆည်ခရိုင်ဆည်မြောင်းလက်ထောက်ညွှန်ကြားရေးမှူးမှ ဇော်ဂျီရေသောက်စနစ်တွင် ငလျင်ဒဏ်ကြောင့် သာမန်ထိခိုက်မှု(၅)နေရာရှိခဲ့သော်လည်း အမြန်ဆုံးပြန်လည်ပြုပြင်ပြီး နွေသီးနှံရေပေးဝေမှုမထိခိုက်စေရန် စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြမှုများအပေါ် နွေသီးနှံစိုက်ပျိုးရေးအတွက် ဆည်ရေအပြည့်အဝပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပျက်စီးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်နှင့် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဇော်ဂျီရေသောက်စနစ်တွင် တူးမြောင်းကြီး(၉)ခု၊ လက်တံမြောင်း(၃၂)ခု၊ လက်တံခွဲမြောင်း(၃၀)ခုဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိကာ ၂၀၂၄ ခုနှစ်၌ နွေစပါး(၂၀၆၂)ဧကနှင့် အခြားသီးနှံ(၅၂၂၄)ဧက စုစုပေါင်း (၅၄၂၈၆)ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် နွေစပါး (၅၃၀၁)ဧကနှင့် အခြားသီးနှံ(၅၅၃၉၈) ဧက စုစုပေါင်း (၆၀၆၉၉) ဧက တိုးမြှင့်စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ထက် (၆၃၈၃)ဧက တိုးမြှင့်စိုက်ပျိုးလျက်ရှိသည်။

ဉင်းနောက် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီ နေထိုင်နိုင်ရေး Modular House များတပ်ဆင်နေသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင်အတွက် စုစုပေါင်း Modular House အလုံး (၅၀)အား စေတနာရှင်ပြည်သူများမှ လှူဒါန်းခဲ့ပြီးဖြစ်သဖြင့် အမြန်ဆုံးတပ်ဆင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ခေတ်မီသူနာပြုစုမှုတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍ

ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence) သည် လူသားတို့၏အသိဉာဏ်ရည်ကိုတုပ၍ စက်ပစ္စည်းများတွင်ပေါင်းစပ်ကာ လူသားတစ်ဦးကဲ့သို့ တွေးခေါ်နိုင်၊ ဆုံးဖြတ်နိုင်၊ လေ့လာသင်ယူနိုင်သော နည်းပညာဖြစ်သည်။ အချက်အလက်ပေါင်းများကို ခွဲခြမ်းစိတ်ဖြာစိစစ်၍ ဆုံးဖြတ်နိုင်စွမ်းရှိခြင်းကို ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အသုံးချလာခဲ့ကြသည်။

ကွန်ပျူတာနှင့် လူသားဉာဏ်ရည်ကိုပေါင်းစပ်ကာ စီမံခန့်ခွဲနိုင်မှု၊ ဆန်းစစ်ဝေဖန်တွေးခေါ်နိုင်မှုရှိသော စက်ကိရိယာတီထွင်အသုံးပြုနိုင်ရေး အယူအဆကို ၁၉၅၀ ပြည့်နှစ်မှ စတင်ခဲ့သည်။ ခြောက်နှစ်အကြာတွင် ထိုသိပ္ပံနှင့် နည်းပညာအခြေခံဉာဏ်ရည်တုစက်များ ထုတ်လုပ်မှုကို AI နည်းပညာဟု သတ်မှတ်ခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်များကြားတွင် စက်ရုံ၊ အလုပ်ရုံများ၌ လေးလံသောပစ္စည်းများကို တစ်ဆင့်ပြီးတစ်ဆင့် အတင်အချပြုလုပ်နိုင်သော၊ အလိုအလျောက် ထပ်တလဲလဲ ပြုလုပ်နိုင်သော စက်ရုပ်အစိတ်အပိုင်းများ စတင်တီထွင်လာခဲ့ကြသည်။ လူသားတို့ပေးထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သည့် ရွေ့လျားနိုင်သော စက်ရုပ်ကို ၁၉၆၆ ခုနှစ်တွင် စတင်တီထွင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်များအတွင်း ကျွမ်းကျင်လူသားတစ်ဦးကဲ့သို့ ဗဟုသုတပြည့်စုံ၍ ဆုံးဖြတ်နိုင်စွမ်းရှိသော Expert System စနစ်တစ်ခုပေါ်ပေါက်လာပြီး ဆေးကုသပြုစုမှုဆိုင်ရာ ဆုံးဖြတ်ချက်များချရာတွင် အထောက်အပံ့ပေးလာခဲ့သည်။ ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်စက်များတွင် AI နည်းပညာပေါင်းစပ်ကာ ပုံမှန်မဟုတ်သည့်ရောဂါရှိသည့် အခြေအနေကို ရှာဖွေနိုင်သောကြောင့် ဆေးဘက်ကျွမ်းကျင်သူများနှင့် ခွဲစိတ်မှန်ပါရဂူများကို အကူအညီပေးနိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်အစောပိုင်းတွင် AI စနစ်များသည် အချက်အလက်ပေါင်းများစွာကို စီမံခန့်ခွဲနိုင်လာသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စက်ကိရိယာများတွင် ပေါင်းစပ်အသုံးပြုလာခဲ့ကြသည်။

အီလက်ထရွန်နစ် ကျန်းမာရေးဆိုင်ရာမှတ်တမ်းများပြုလုပ်ရာတွင် AI နည်းပညာကို အသုံးပြုလာသဖြင့် အချက်အလက်ပေါင်းများစွာ စီမံခန့်ခွဲနိုင်ခြင်းကြောင့် ကျန်းမာရေးလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်တိကျမှုရှိလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ကာလများတွင် နက်ရှိုင်းစွာလေ့လာမှုနှင့်အတူ ရှုပ်ထွေးသော ကျန်းမာရေးဆိုင်ရာအချက်အလက်များကို စိစစ်အဓိပ္ပာယ်ဖော်၍ တစ်ဦးချင်းစီနှင့်ကိုက်ညီသော ကုသမှုစီမံချက်ကို ရေးဆွဲပေးလာနိုင်သည့်အပြင် ကျန်းမာရေးဝန်ထမ်းများ ပြုစုကုသမှုဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် များစွာအထောက်အကူပြုလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ယနေ့ခေတ်တွင် Chat GPT ၊ DALL–E2 စသော Generative AI (Gen AI) များ တီထွင်ဖန်တီးနိုင်မှုသည် တခြားကဏ္ဍများနည်းတူ ကျန်းမာရေးကဏ္ဍတွင် များစွာအထောက်အကူပြုလာခဲ့သည်။ တစ်ဦးချင်းစီနှင့်ကိုက်ညီသော ဆေးညွှန်း၊ ဆေးဝါးပမာဏချိန်ညှိပေးနိုင်သကဲ့သို့ ဆေးဝါးသစ်များ ရှာဖွေခြင်း၊ အစီရင်ခံစာရေးသားခြင်း၊ လူနာများအား အသိပညာပေးခြင်း၊ နောင်ဖြစ်လာနိုင်သည့် ကျန်းမာရေးပြဿနာများ ကြိုတင်ခန့်မှန်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းများ လုပ်ဆောင်လာနိုင်ခဲ့သည်။

သူနာပြုလုပ်ငန်းစဉ်တွင် AI ထိရောက်စွာအသုံးချနိုင်မှုကို ပေါင်းစပ်ခြင်းသည် ကျန်းမာရေးအခန်းကဏ္ဍ၏ တိုးတက်ပြောင်းလဲမှုပုံစံတစ်ခုအဖြစ် ယူဆနိုင်ပါသည်။ လူနာပြုစုကုသမှုစွမ်းရည်တိုးတက်လာသကဲ့သို့ ကုသမှုဆိုင်ရာဆုံးဖြတ်မှုများတွင် အထောက်အပံ့များစွာ ရရှိစေပါသည်။ လူနာ၏ ကျန်းမာရေးဆိုင်ရာအချက်အလက်များ စနစ်တကျသိုမှီးသိမ်းဆည်းစီမံခန့်ခွဲနိုင်သကဲ့သို့ ကျန်းမာရေးအခြေအနေကို စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးနိုင်သည်။ တခြားသောကျန်းမာရေးဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာသည်။ ထို့ပြင် ပြုစုကုသမှုလုပ်ငန်းစဉ်တွင် တွေ့ကြုံရတတ်သော မှားယွင်းမှုများကိုလျှော့ချနိုင်ပြီး အချိန်နှင့် တစ်ပြေးညီထိရောက်သော ပြုစုကုသမှုဆောင်ရွက်နိုင်စေသည်။ ခေတ်မီသူနာပြုစုမှုတွင် AI ပေါင်းစပ်ဆောင်ရွက်နိုင်မှုကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

**(က)Clinical Decision Support**

AI သုံးစက်ကိရိယာများသည် လူနာ၏အခြေအနေမှန်ကို စနစ်တကျသုံးသပ်၍ တွေ့ကြုံနိုင်သော ကျန်းမာရေးပြဿနာများ၊ ရှေ့အလားအလာများကို ကြိုတင်ခန့်မှန်းကာ ထိရောက်သောပြုစုကုသမှုကို ပေးစွမ်းနိုင်သည်။ သူနာပြုများအနေဖြင့် လူနာနှင့်ဆိုင်သောအချက်အလက်များ (ဥပမာ– ရောဂါရာဇဝင်၊ နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်၊ အသက်ရှူနှုန်း၊ သွေးတွင်းအောက်ဆီဂျင်၊ ခွတ်ခွဲခန်းအဖြေများ)ကို AI သုံး Clinical Decision Support System စနစ်အတွင်းသို့ထည့်သွင်းပြီး AI မှ စဉ်းစားတွေးခေါ်ပေးသော လူနာနှင့်ဆိုင်သည့် ညွှန်ကြားချက်များ(ဥပမာ– အရေးကြီးလူနာဟုသတ်မှတ်ခြင်း၊ ဆေးပမာဏကို ညှိပေးခြင်း)ကိုလိုက်နာကာ ဆရာဝန်များနှင့်ပူးပေါင်း၍ သင့်လျော်သော ပြုစုကုသမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချနိုင်မည်ဖြစ်သည်။ ဆေးပညာဆိုင်ရာ ခိုင်မာသော သုတေသနရလဒ်များကို အခြေခံ၍ Evidence– based ဆုံးဖြတ်ချက်များချနိုင်ရန် တွန်းအားပေး ကူညီသည့်သဘောဖြစ်သည်။

**(ခ)Predictive Analytics for patient deterioration**

AI သုံးစက်ကိရိယာများသည် လူနာနှင့်ပတ်သက်သောအချက်အလက်ပေါင်းများစွာကို ခွဲခြမ်းစိတ်ဖြာ၍ လူနာများ ချော်လဲနိုင်ခြေ၊ ကျောပူနာဖြစ်နိုင်ခြေ၊ ပိုးဝင်သွေးဆိပ်ပျံ့နှံ့နိုင်ခြေ၊ ဆေးရုံထပ်မံတက်ရောက်နိုင်ခြေ စသည့်နောက်ဖြစ်လာနိုင်သည့် အန္တရာယ်များကို တွက်ချက်ပေးပြီး သူနာပြုများအား အထောက်အကူပြုပေးကြသည်။ AI ၏ မျှော်မှန်းတွက်ချက်မှုပေါ်အခြေခံကာ သူနာပြုများအနေဖြင့် အရေးကြီးလူနာများ၏ နှလုံး၊ အဆုတ်၊ ကျောက်ကပ် လုပ်ဆောင်မှုများ စောင့်ကြပ်ကြည့်ရှုမှုကို တိုးမြှင့်ဆောင်ရွက်နိုင်သည်။ ထို့ပြင် ဆရာဝန်များအနေဖြင့် ပိုမိုသင့်လျော်သော ဆေးဝါး၊ ကုထုံးများကို ပြောင်းလဲပေးခြင်းဖြင့် ကာကွယ်ကုသမှုများကို ပို၍ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်သည်။

**(ဂ) Patient case Assistance**

AI သုံးစက်ရုပ်များ(Robots) ၊ ကိရိယာများ(Devices) အသုံးပြု၍ လူနာများကို ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်နိုင်သဖြင့် သူနာပြုများအား ပင်ပန်းမှုမှ သက်သာစေနိုင်သည်။ ထို့ပြင် ဆေးဝါးများ လှည့်လည်တိုက်ကျွေးရာတွင်လည်း အသုံးပြုနိုင်သောကြောင့် ဆေးအမျိုးအစား၊ ဆေးဝါးပမာဏမှန်ကန်မှုရစေပြီး ကုသမှုလုပ်ငန်းစဉ်တွင် တွေ့ကြုံတတ်သော ဆေးမှားတိုက်မိခြင်း၊ ဆေးမတိုက်မိခြင်းပြဿနာများမှလည်း ပြေလည်စေနိုင်ပါသည်။ AI chatbots, virtual assistants များ အသုံးပြုခြင်းသည် လူနာများအတွက် အကူကောင်းတစ်ဦးကဲ့သို့ အထောက်အကူပြုစေနိုင်ပါသည်။ ကျန်းမာရေးအကြံပေးမှုများ၊ ကျန်းမာရေးဆိုင်ရာ သိလိုသည်များ ဖြေကြားပေးခြင်းသာမက ဆေးဝါးများသောက်ရန် အသိပေးခြင်း၊ follow up ပြန်ပြရန် သတိပေးခြင်းများ ပြုလုပ်နိုင်သည်။ သူနာပြုများကလည်း ထို AI အကူစနစ်များမှ ပေးပို့သောသတင်းစကားအရ ပိုမိုကောင်းမွန်သော ထပ်မံကြည့်ရှုမည့် ရက်ချိန်းပေးနိုင်သကဲ့သို့ ရောဂါမျိုးစုံရှိသော၊ ရောဂါအခြေအနေထိန်းညှိရခက်သော လူနာများကို အထူးစောင့်ကြပ်သတိထားနိုင်မည်ဖြစ်သည်။ တစ်ဦးချင်းစီနှင့်သက်ဆိုင်သောရောဂါရာဇဝင်၊ မျိုးရိုးဗီဇ၊ နေထိုင်စားသောက်ပုံ စသည့် အချက်အလက်များပေါ်အခြေခံ၍ Personalized ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံချက်များကို AI မှ ရေးဆွဲပေးနိုင်သောကြောင့် သူနာပြုများသည် လူနာတစ်ဦးချင်းနှင့်ကိုက်ညီသောပြုစုကုသမှုကို ဆောင်ရွက်ပေးလာနိုင်သည်။ X–rays၊ CT scan ၊ MRI စသည့်ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်ရာတွင် AI သုံးစက်ကိရိယာများသည် တိကျသော အဖြေများပေးနိုင်သောကြောင့် ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်များအတွက် အထောက်အပံ့ဖြစ်စေခြင်းဖြင့် လူနာများအတွက် ပို၍သင့်လျော်သော ပြုစုကုသမှုပေးနိုင်လာပါသည်။

> "AI သုံးစက်ကိရိယာများသည် လူနာနှင့်ပတ်သက်သောအချက်အလက်ပေါင်းများစွာကို ခွဲခြမ်းစိတ်ဖြာ၍ လူနာများ ချော်လဲနိုင်ခြေ၊ ကျောပူနာဖြစ်နိုင်ခြေ၊ ပိုးဝင်သွေးဆိပ်ပျံ့နှံ့နိုင်ခြေ၊ ဆေးရုံထပ်မံတက်ရောက်နိုင်ခြေ စသည့် နောက်ဖြစ်လာနိုင်သည့် အန္တရာယ်များကို တွက်ချက်ပေးပြီး သူနာပြုများအား အထောက်အကူပြုပေးကြသည်။ AI ၏မျှော်မှန်းတွက်ချက်မှုပေါ်အခြေခံကာ သူနာပြုများအနေဖြင့် အရေးကြီးလူနာများ၏ နှလုံး၊ အဆုတ်၊ ကျောက်ကပ် လုပ်ဆောင်မှုများ စောင့်ကြပ်ကြည့်ရှုမှုကို တိုးမြှင့်ဆောင်ရွက်နိုင်သည်. . ."

**(ဃ)Remote Monitoring and Telehealth**

လူနာများသည် AI သုံးစက်ကိရိယာများ ဝတ်ဆင်ထားခြင်းဖြင့် နေ့စဉ် အချိန်နှင့်အမျှပြောင်းလဲနေသော သွေးခုန်နှုန်း၊ သွေးပေါင်ချိန်၊ အသက်ရှူနှုန်း၊ သွေးတွင်းအောက်ဆီဂျင် စသည့်နှလုံး၊ အဆုတ် လုပ်ဆောင်မှုဆိုင်ရာအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီသိရှိနိုင်ပြီး ခွဲခြမ်းစိစစ်ကာ ကြုံလာနိုင်သည့် ကျန်းမာရေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းနိုင်သည်။ နာတာရှည်ရောဂါလူနာများ၏ မိမိအိမ်တွင်းနေထိုင်စဉ် ကျန်းမာရေးအခြေအနေကို သူနာပြုများက အဝေးရောက်စောင့်ကြည့်ကိရိယာများမှ ပေးပို့သော သတင်းအချက်အလက်များအရ လူနာ၏ အခြေအနေကိုသိရှိနိုင်ပြီး လိုအပ်သော ကုသမှုများ၊ အကြံပေးမှုများ၊ ရက်ချိန်းမြန်မြန်ရရှိနိုင်ရေးများ လုပ်ပေးနိုင်ပါသည်။ အဝေးရောက်ကျန်းမာရေး ကြည့်ရှုစောင့်ရှောက်မှုကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မှုတစ်ခုဖြစ်သည်။

**(c)Patient Education and Engagement**

လူနာတစ်ဦးချင်း၏ လိုအပ်ချက်နှင့်ကိုက်ညီသော ကျန်းမာရေးပညာပေးမှုများကို AI သုံးစနစ်များက ဆောင်ရွက်ပေးနိုင်ပြီး ဆေးပုံမှန်သောက်သုံးခြင်း၊ နေ့စဉ်နေထိုင်မှုဘဝကို ကျန်းမာရေးအထောက်အကူပြုသည့်နေထိုင်မှုဘဝအဖြစ် ပြုပြင်နေထိုင်ခြင်းရှိ/မရှိကိုလည်း AI သုံးစနစ်များ အကူအညီဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်ခြင်းသည် သူနာပြုများ၏ ပြုစုကုသမှုလုပ်ငန်းစဉ်တွင် များစွာအထောက်အကူပြုနိုင်သည်။ ထို့ကြောင့် နာတာရှည်ရောဂါဝေဒနာရှိသော လူနာများကို AI နည်းပညာသုံး စက်ကိရိယာများ အသုံးပြုနိုင်ရန် လေ့ကျင့်သင်ကြားပေးရပါမည်။ သို့မှသာ လူနာနှင့် သူနာပြုများ၊ ကျန်းမာရေး စောင့်ရှောက်သူများကြား ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်နိုင်ပြီး ထိရောက်သော ကုသမှုရစေနိုင်ပါသည်။

**(စ) Administrative Support**

သူနာပြုများသည် လူနာပြုစု၊ ကုသမှုသာမက လူနာ၏မှတ်တမ်းများ စနစ်တကျသိမ်းဆည်းခြင်း၊ ရက်ချိန်းများ စနစ်တကျဖြစ်အောင် ဆောင်ရွက်ရခြင်းစသည့် စီမံအုပ်ချုပ်မှုဆိုင်ရာများလည်းလုပ်ဆောင်ရသည်။ AI–driven scheduling system နည်းစနစ်များကိုအသုံးပြုခြင်းဖြင့် ရက်ချိန်းစီမံမှုများ၊ တာဝန်ချိန်ခွဲဝေမှုများ တိကျမှုရှိလာသည်သာမက လူနာဆေးရုံတက်၊ ဆေးရုံဆင်းမှတ်တမ်းတင်မှုများ ပို၍တိကျမှုရှိလာပါသည်။ စာရွက်စာတမ်းကိစ္စများ၌ အာရုံစိုက်ရန် မလိုအပ်သောကြောင့် လူနာပြုစုကုသမှုတွင် ပို၍အချိန်ပေးလာနိုင်သည်။ ထို့ပြင် လုပ်ငန်းခွင်အတွင်း၌ ဂျူတီချိန်သတ်မှတ်ချက်၊ ဂျူတီအပြောင်းအရွှေ့၊ အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းများသတ်မှတ်ရာတွင် AI သုံးစနစ်များ အသုံးပြုခြင်းဖြင့် စနစ်တကျမှန်ကန်မှုရှိလာသောကြောင့် သူနာပြုများ လုပ်ငန်းခွင်အတွင်း ပင်ပန်းနွမ်းနယ်မှု၊ အလုပ်တာဝန်ဖိစီးမှုများ သက်သာကာ လူနာပြုစုစောင့်ရှောက်မှုကို ပို၍အလေးထားလာနိုင်သည်။ ဆေးရုံရှိ လူနာခန်းများ၊ ခုတင်များ၊ စက်ကိရိယာများစသော အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်သဖြင့် သင့်လျော်သောလူနာများအတွက် ထိရောက်သော ပြုစုကုသမှုရစေနိုင်ပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်မှုများလည်း ပိုမိုသွက်လက်မြန်ဆန်လာကာ ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ညွှန်ပြပေးနိုင်သဖြင့် အချိန်နှင့်တစ်ပြေးညီ ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်လာနိုင်ပါသည်။ **စာမျက်နှာ ၉ သို့ ►►**

►► စာမျက်နှာ ၈ မှအဆက်

**(ဆ) Electronic Health Records with AI integration**

AI နည်းပညာအားဖြည့်ထားသည့် အီလက်ထရွန်နစ်ကျန်းမာရေးမှတ်တမ်းထားရှိမှုသည် ပို၍စနစ်တကျရှိစေပြီး စီမံခန့်ခွဲမှုဆိုင်ရာလုပ်ဆောင်မှုများ တိုးတက်စေသည်။ လူနာတစ်ဦးချင်းစီနှင့်ပတ်သက်သောရောဂါမှတ်တမ်း၊ ဓာတ်ခွဲခန်းအဖြေများ၊ ဓာတ်မှန်ဆိုင်ရာအချက်အလက်များကို အီလက်ထရွန်နစ် နည်းပညာဖြင့် ထားရှိခြင်းကြောင့် အလွယ်တကူ ပြန်လည်သိရှိနိုင်ပါသည်။ AI နည်းပညာပေါင်းစပ်ခြင်းဖြင့် လူနာနှင့်ဆိုင်သော အချက်အလက်များကိုသုံးသပ်၍ အလွယ်တကူ မတွေ့မြင်နိုင်သော အန္တရာယ်ကိုဖော်ထုတ်ကာ အရေးကြီးလူနာဟု သတ်မှတ်ပေးနိုင်သည်သာမက ကုသမှုဆိုင်ရာလုပ်ငန်းစဉ်များလည်း ချမှတ်ပေးနိုင်သည်။ ဆေးညွှန်ကြားမှု၊ ရက်ချိန်းသတ်မှတ်မှုများကိုပင် အလိုအလျောက် လုပ်ဆောင်နိုင်လာခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို များစွာအဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

**(ဇ) Training and simulation**

AI သုံးစွမ်းအားမြင့် စက်ကိရိယာများသည် သူနာပြုများအား လေ့ကျင့်သင်ကြားရေးအတွက် ပကတိအစစ်ကဲ့သို့သော သင်ကြားရေးဝန်းကျင်ကို ဖန်တီးပေးနိုင်သောကြောင့် အန္တရာယ်ရှိသော လုပ်ဆောင်မှုများ (ဥပမာ- နှလုံးရပ်သွားခြင်းကို ပြန်လည်နှိုးဆွခြင်း၊ ထိခိုက်ဒဏ်ရာရမှုပြုစုစောင့်ရှောက်ခြင်း)ကို လူနာများမသုံးဘဲ လေ့ကျင့်သင်ကြားနိုင်ပြီး ပြုစုကုသမှုစွမ်းရည်ကို မြှင့်တင်နိုင်ပါသည်။ ထို့ပြင် သူနာပြုတစ်ဦးချင်း၏ လိုအပ်ချက်နှင့် ကိုက်ညီသော သင်ကြားမှုပုံစံကို ဖန်တီးပေးနိုင်ပြီး တစ်ဦးချင်းစီ၏ အရည်အချင်းပြည့်မီလာမှု ရှိ/မရှိကို စစ်ဆေးနိုင်ခြင်းကြောင့် ပိုမိုထိရောက်သော လေ့ကျင့်သင်ကြားမှုရရှိစေနိုင်ပါသည်။ စဉ်ဆက်မပြတ် သူနာပြုပညာ၊ ဆေးပညာဆိုင်ရာလေ့လာမှုများတွင် AI ကို အသုံးပြုခြင်းဖြင့် ခေတ်နှင့်အညီ နောက်ဆုံးပေါ် တွေ့ရှိမှု၊ ပြောင်းလဲမှုများကို သိရှိနားလည်နိုင်မည်ဖြစ်သည်။ သူနာပြုများ၏ သုတေသနလုပ်ငန်းများတွင်လည်း AI နည်းပညာသည် အချက်အလက်ပေါင်းများစွာ ခွဲခြမ်းစိတ်ဖြာ၍ အထောက်အပံ့ပြုပေးနိုင်ပါသည်။

လူနာပြုစုစောင့်ရှောက်မှု၊ ဆေးဘက်ကျွမ်းကျင်မှုလုပ်ငန်းများတွင် AI ၏အသုံးဝင်မှုများကို သိရှိလာသောကြောင့် လက်တွေ့အသုံးချလုပ်ဆောင်မှုတွင် AI သုံးစက်ကိရိယာများနှင့် အကျွမ်းတဝင်ရှိရန် လိုအပ်ပါသည်။ ပထမဦးစွာ AI သုံးစနစ်များအသုံးချနိုင်ရန် ဆေးဘက်ပညာရှင်များအား အလုပ်ရုံဆွေးနွေးပွဲများ၊ hands-on လေ့ကျင့်သင်ကြားမှုများ၊ အင်တာနက်မှတစ်ဆင့် သင်ယူမှုများပြုလုပ်ပေးရပါမည်။ ပြုစုကုသမှုအဖွဲ့နှင့် IT နည်းပညာအဖွဲ့များ အတူတကွ လက်တွဲလုပ်ဆောင်၍ AI ၏ ညွှန်ကြားချက်များကို နားလည်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

AI ကိရိယာများသုံးခြင်းသည် သူနာပြုများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လူနာပြုစုမှုကို ပိုမိုအထောက်အကူပြုရန်သာ ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ လက်တွေ့ဆေးကုသပြုစုမှုလုပ်ငန်းစဉ်တွင် AI နည်းပညာကို ထိထိရောက်ရောက်အသုံးချခြင်းဖြင့် လူနာတစ်ဦးချင်းအလိုက် တိကျမှန်ကန်ကောင်းမွန်သော ပြုစုကုသမှုပေးလာနိုင်မည်ဖြစ်သောကြောင့် လူနာများ၏ ကျန်းမာသက်ရှည်နိုင်မှုတိုးတက်လာနိုင်သည့်အပြင် သူနာပြုများ အလုပ်တာဝန်ဖိစီးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုများမှလည်း သက်သာစေနိုင်ပါမည်။

လူနာပြုစုမှုတွင် AI ကို အသုံးပြုခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကောင်းမွန်လာနိုင်သော်လည်း နည်းပညာအသုံးပြုမှုနှင့် လူသားစောင့်ရှောက်မှုကြား သင့်တင့်မျှတမှုရှိစေရန် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ လူနာပြုစုရာတွင် အဓိကဖြစ်သော သူနာပြုများ၏ ကြင်နာသနားမှု၊ စာနာနားလည်နိုင်မှု၊ မေတ္တာကရုဏာထား ပြုစုကိုင်တွယ်မှုများကို AI သုံးစက်ကိရိယာများနှင့် အစားမထိုးနိုင်ပါ။ အတွေ့အကြုံနှင့်ယှဉ်သော သူနာပြုများ၏အရည်အသွေး၊ ထိုးထွင်းကြံဆနိုင်မှု၊ ဆက်စပ်တွေးခေါ်နိုင်မှု၊ ပြုစုကုသမှုဆိုင်ရာ ဆုံးဖြတ်နိုင်စွမ်းများကိုလည်း အလေးထားရမည်ဖြစ်သည်။

လူနာ၏အချက်အလက်များ မှတ်တမ်းထားရာတွင် လုံခြုံမှုရှိရေး၊ လူနာ၏အတွင်းရေးအချက်အလက်များ မပေါက်ကြားရေး၊ ယုံကြည်စိတ်ချမှုရှိရေးသည်လည်း ကျင့်ဝတ်ဆိုင်ရာအရေးကြီးသော လိုက်နာရမည့်အချက်ဖြစ်ပါသည်။ ထို့ပြင် AI အသုံးပြုခြင်းသည် သတင်းအချက်အလက်ဆိုင်ရာ ဘက်လိုက်သွေဖည်မှုများရှိနိုင်ကြောင်းလည်း သတိထားရပါမည်။ ကွန်ပျူတာအချက်အလက်များ ခိုးဝင်(Hacking)ယူသွားနိုင်သည့်အန္တရာယ်လည်း စောင့်ကြည့်ထားရပါမည်။ AI သုံးစက်ကိရိယာများ အသုံးပြုရာတွင် မှားယွင်းမှုများရှိလာပါက ကျင့်ဝတ်ဆိုင်ရာတာဝန်ယူမှု၊ တာဝန်ခံမှုများကို ပြတ်သားစွာဖော်ပြနိုင်မှု၌ ဟာကွက်ရှိနေသည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**ဒေါက်တာဥမ္မာစော**

# နတ်မောက်မြို့နယ် န/လက်ခုပ်ပင်ကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့်စပျစ်များ ရင့်မှည့်၍ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချ



နတ်မောက် ဧပြီ ၂၉


စားသုံးသူဈေးကွက်တွင် လူကြိုက်များလာသည့် စပျစ်စိုက်ပျိုးရေးလုပ်ငန်းကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာတချို့၌ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး နတ်မောက်မြို့နှင့် နှစ်မိုင်ဝေးကွာသည့် န/လက်ခုပ်ပင်ကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသောစပျစ်များ ရင့်မှည့်၍ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

"န/လက်ခုပ်ပင်ကျေးရွာမှာ ပျော်ဘွယ်နဲ့ ရမည်းသင်းမြို့နယ်တွေက စပျစ်မျိုးတွေကိုဝယ်ယူပြီး စိုက်ပျိုးပါတယ်။ စတင်စိုက်ပျိုးချိန်ကနေ အောင်မြင်ဖြစ်ထွန်းတဲ့အထိ မိမိတို့ထားနိုင်တဲ့ နှစ်ကာလအထိထားပြီး စပျစ်သီးတွေကို ခူးဆွတ်ရောင်းချနိုင်ပါတယ်။ သင့်တော်ကာလဈေးကွက်ကိုခန့်မှန်းပြီး စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းနေတဲ့ စပျစ်ပင်က အကိုင်းတွေကို ဒီဇင်ဘာလမှာ ကိုင်းဖြတ်ပေးထားရပါတယ်။ စပျစ်ကိုင်းတွေကို ကိုင်းဖြတ်ပေးပြီး သုံးရက်တစ်ကြိမ် ရေသွင်းပေးတာ၊ အားဆေးပက်ဖျန်းပေးတာတွေ ပြုလုပ်ပေးရပါတယ်။ မတ်လတတိယပတ်ထဲမှာ စပျစ်သီးတွေရင့်မှည့်လာပြီး ဧပြီလမှာ စပျစ်သီးတွေ လှိုင်လှိုင်ရင့်မှည့်ပါပြီ။ စပျစ်က အရင်နှစ်ကထက် ဒီနှစ်မှာ ဈေးပိုမိုရရှိပါတယ်။ စပျစ်ခင်းထဲအထိ လာရောက်ဝယ်ယူသူတွေရှိသလို မြို့မဈေးကိုလည်း လက်ကားသွားရောက်ရောင်းချတာလည်းရှိပါတယ်။ စပျစ်စိုက်ပျိုးရေးက မိသားစုနေ့စဉ်ဝင်ငွေရရှိတဲ့အတွက် အဆင်ပြေပါတယ်" ဟု စပျစ်စိုက်ပျိုးသူ ဦးဝေယံစိုးကပြောသည်။

စပျစ်အမျိုးအစား အမျိုးမျိုးရှိပြီး ဘလပ်ကွင်း၊ သီးချွန်၊ ရွှေနီ၊ သခွားမွှေး၊ ဘောဘလပ်၊ အာဂျီ(ပန်းရောင်)တို့အနက် ဈေးကွက်ဝင် ဘလပ်ကွင်းနှင့် ဘောဘလပ်စပျစ်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

သီးနှံစိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းပညာဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရေး မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရန်၊ စိုက်ပျိုးရေအပြည့်အဝရရှိရန်၊ ရာသီဥတုနှင့်ကိုက်ညီသည့် စပျစ်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်နှင့် တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

**မူမူစန်း**




# သဃ်န်းကျွန်းခရိုင်၌ နွေရာသီကာလအတွင်း ယဉ်ကျေးလိမ္မာ အခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် သဃ်န်းကျွန်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ ယဉ်ကျေးလိမ္မာအခြေခံသင်တန်းဖွင့်ပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမဒေါ်အေးအေးမြင့်က ကျောင်းသား၊ ကျောင်းသူများ ဗုဒ္ဓစာပေသင်ကြားမှုများကို ဆက်လက်ထိန်းသိမ်းကာ မျိုးဆက်သစ်လူငယ်များ ယဉ်ကျေးလိမ္မာစေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် စနစ်တကျ သင်ကြားစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ယဉ်ကျေးလိမ္မာအခြေခံသင်တန်းကို သင်တန်းသား ၃၀ ဦးဖြင့် ဧပြီလ ၂၈ ရက်မှ မေလ ၅ ရက်အထိ သင်တန်းနည်းပြဆရာ ဦးအေးမြင့်၊ ဆရာမ ဒေါ်အေးအေးမြင့်၊ ဒေါ်သိင်္ဂီဝင်းတို့က သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သိန်းအောင်(ခရိုင်ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး (Ora Vacs) တိုက်ကျွေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး



**နေပြည်တော် ဧပြီ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အတွင်းရှိပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ဆေး (Ora Vacs) တိုက်ကျွေးခြင်းလုပ်ငန်းကို ဆေးထိုးစုရပ်များဖြစ်သည့် စည်ပင်ဧည့်ရိပ်သာ(၁)၊ စည်ပင်ဧည့်ရိပ်သာ(၂)၊ ဇမ္ဗူသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံနှင့် ဥတ္တရသီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံတို့တွင် ဧပြီလ ၂၈ ရက်မှ မေလ ၂ ရက်အထိ ပထမအကြိမ်အဖြစ် ဆောင်ရွက်လျက်ရှိသော စည်ပင်ဧည့်ရိပ်သာ(၁)နှင့် စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်အားပေးသည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး (Ora Vacs)ကို မန္တလေးလျှင်ကြီးဘေးသင့်ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးရှိလျှင်ဘေးသင့်ပြည်သူများအား ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ကာကွယ်ဆေး သောက်သုံးထားသော်လည်း သန့်ရှင်းသောသောက်သုံးရေ၊ လတ်ဆတ်သန့်ရှင်းသော အစားအစာ၊ သန့်ရှင်းသောအိမ်သာနှင့်လက်သန့်ရှင်းရေးသည် ပိုမိုအရေးကြီးသောကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုကြရန် ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)


---

**➩ ကျောဖုံးမှအဆက်**

လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၄-၅-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)




---

## ရွှေဘိုခရိုင်၌ နေကြာ ၆၃၉၁ ဧကရိတ်သိမ်းပြီးစီး

**ရွှေဘို ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၆၃၉၁ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ နေကြာသီးနှံ ၆၃၉၁ ဧကအထိစိုက်ပျိုးနိုင်ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ရာနှုန်းပြည့်ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၇ ဒသမ ၃၅ တင်းထွက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက်နေကြာသီးနှံရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၅၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၄၀ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၉ ဧက စုစုပေါင်း ၆၃၉၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေးဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။ (၄၀၉)

---

## ပြည်သူ့သားကောင်း လုပ်သားအပေါင်း

❖ တည်ဆောက်ပြုပြင်၊ ပြည်တစ်ခွင်ဝယ်
မြင်မြင်သမျှ၊ ပသာဒနှင့်
လှပတင့်တယ်၊ ရှုစဖွယ်များ
ကြီးငယ်ဆောက်အုံ၊ မြင်ရပုံမှာ
စုံလင်များလှ တွေ့ကြရသည်။

❖ မိုးထိမြင့်မား၊ တိုက်တာများနှင့်
တံတားတွေဆောက်၊ လမ်းတွေဖောက်၍
ထောက်မဖေးကူ၊ သယ်ဆောင်ယူပြီ
သူ၏လုပ်အား၊ စွမ်းပကားမှာ
ဝင့်ကြွားဖွယ်ပင် ထူးခြားမြင်။

❖ ကိုယ့်ခွန်ကိုယ့်အား၊ စွမ်းပကားဖြင့်
အများကောင်းကျိုး၊ ထမ်းသယ်ပိုးသည်
တိုးတက်ခေတ်မီ၊ ခေတ်နှင့်ညီအောင်
စီစဉ်ကျနု၊ လုပ်အားပြလျက်
ကျရာဝန်တာ ထမ်းလျက်သာ။

❖ အလုပ်သမား၊ သူ့လုပ်အားကြောင့်
ထူးခြားမြင်ရ၊ လွန်လှပသည့်
မြင့်လှတိုက်တာ၊ အိမ်ဂေဟာတို့
သူ့မှာမပိုင်၊ မနေထိုင်လည်း
ကိုယ်တိုင်လုပ်အား၊ စွမ်းပကားနှင့်
တည်ထားလက်ရာ အံ့ဖွယ်ရာ။

❖ ထိုနည်းတူစွာ၊ ကိုးကွယ်ရာတွင်
မြင်သာထင်ရှား၊ စေတီများ၏
တည်ထားလက်ရာ၊ သပ္ပာယ်ပါသည်
ခိုင်မာကောင်းမွန်၊ လွန်ထူးချွန်၏
ပြည့်မွန်လုပ်သား သူ့စိတ်ထားတည်း။

❖ လုပ်အားတန်ဖိုး၊ ချစ်မြတ်နိုးလျက်
ရိုးသားကြိုးစား၊ မြတ်စိတ်ထားဖြင့်
အများအကျိုး၊ ထမ်းသယ်ပိုးသည့်
နိုးကြားသဏ္ဍာန်၊ ရိုးသားမှန်သည်
မြန်မာ့လုပ်သား ဂုဏ်မြင့်မား။

❖ လူမှုဝန်းကျင်၊ အလှဆင်သည့်
ဂုဏ်အင်များပြား၊ လုပ်သားများကို
လေးစားသမှု၊ စာဆိုပြုသည်
ပြည်သူ့သားကောင်း ဖြစ်ပေသတည်း။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားများကျင်းပရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်များဆုံးရှုံးခဲ့ရသည့်မိသားစုများနှင့်အသိုက်အဝန်းများအတွက် တရုတ်နိုင်ငံမှအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့်ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများထောက်ပံ့ရေးနှင့် စပ်လျဉ်းသည့်ကိစ္စများ၊ မြန်မာနိုင်ငံအစိုးရ၏ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှဆက်လက်ကူညီပံ့ပိုးပေးသွားမည့်ကိစ္စ၊ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှအပြုသဘောဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)



# ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ကြံ့ခိုင်မှုကို IAEA မှ ပညာရှင်များက Non-Destructive Testing (NDT) မူရင်းမပျက် တိုင်းတာစစ်ဆေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လေ့လာကြည့်ရှု

နေပြည်တော် ဧပြီ ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းအပေါ် မူရင်းမပျက်တိုင်းတာစစ်ဆေးခြင်း အဆင့်မြင့်နည်းပညာများအသုံးပြု၍ အဆောက်အအုံများ၏ကြံ့ခိုင်မှုကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA) မှ ငလျင်သဘာဝဘေး လေ့လာဆန်းစစ်မှုအတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်လေးဦးနှင့် ပြည်တွင်းပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့က တိုင်းတာစစ်ဆေးနေမှုကို လေ့လာကြည့်ရှုသည်။

အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)မှ ပညာရှင်များသည် Mexico (၂၀၁၇)၊ Albinia (၂၀၁၉)၊ Ecuador (၂၀၂၃)၊ Syria (၂၀၂၄) ငလျင်ဘေးများတွင် တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး Non-Destructive Testing (NDT) မူရင်းမပျက် တိုင်းတာစစ်ဆေးမှုနည်းပညာအသုံးပြု၍ ခေတ်မီတိုင်းတာရေးစက်ပစ္စည်းများဖြစ်သည့် Rebar Detector၊ Rebound Hammer၊ Ground Penetrating Radar(GPR)၊ Ultrasonic Pulse Velocity(UPV)၊ Infared Camera တို့ကို အသုံးပြုစစ်ဆေးကြသည်။



အဆိုပါပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနနှင့် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံတို့ကို မျက်မြင်သွားရောက်စစ်ဆေးခဲ့ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အဆောက်အအုံကို စက်ပစ္စည်းများဖြင့် အသေးစိတ်တိုင်းတာလေ့လာဆန်းစစ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**၁ အင်းလေးဖောင်တော်ဦးမှ**

Sheet Pile သံချောင်းကြီးများအား စက်လှေကြီးများဖြင့်သယ်ဆောင်၍ ဖောင်တော်ဦးဘုရားမြောက်ဘက်မုခ်မှစတင်ကာ နေ့စဉ်စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။ အင်းလေးဖောင်တော်ဦးဘုရား ရင်ပြင်တော်ကုန်းမြေနှင့် ပင်မစံကျောင်းတော်ကြီးအား ယခုနှစ် သီတင်းကျွတ်ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ ပြုပြင်မွမ်းမံမှုလုပ်ငန်းများပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုပ်အားဒါနရှင်များက အရှိန်အဟုန်မြှင့်အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်တော်နှင့် ပင်မစံကျောင်းတော်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများထည့်ဝင်လှူဒါန်းကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၆၇၆၇၂၀၀ ရရှိပြီဖြစ်ကြောင်းနှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးဝင်းမြင့် ဥက္ကဋ္ဌ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ ဖုန်း-၀၉-၇၇၁၄၉၇၈၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




● ရှေ့ဖုံးမှအဆက်

ကနဦးတွင် သန်လျင်တံတားအမှတ်(၁)ကို တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့နှင့်သန်လျင်မြို့တို့၏ ခရီးသွားလာမှုနှင့်သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုခဲ့သော်လည်း နေ့စဉ်အဆိုပါတံတားပေါ်၌ ယာဉ်ကြောပိတ်ဆို့မှုကြောင့် သန်လျင်တံတားအမှတ်(၁)နှင့် ကပ်လျက် သန်လျင်တံတားအမှတ်(၃)ကို တည်ဆောက်ပေးခဲ့ရာ ခရီးသွားလာမှုနှင့် ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့ခဲ့သည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်များ ရန်ကုန်ဆိပ်ကမ်းသို့ မြန်ဆန်ချောမွေ့စွာပို့ဆောင်နိုင်ခဲ့သည်။

ရန်ကုန်မြို့၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုတွင် မောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများသွားလာရေးနှင့် သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်စည်များစီးဆင်းနိုင်ရန် သန်လျင်တံတားအမှတ်(၁)၊ ကုလားဝဲတံတား(သန်လျင်တံတား အမှတ်-၂)နှင့် သန်လျင်တံတားအမှတ်(၃) စသည့် ပဲခူးမြစ်ကူးတံတားကြီးသုံးစင်းကို နိုင်ငံတော်မှတည်ဆောက်ခဲ့ရာ အဆိုပါတံတားကြီးသုံးစင်းတွင် သန်လျင်တံတားအမှတ်(၃)သည် နိုင်ငံတကာအဆင့်မီ သံမဏိကြိုးဆိုင်းတံတားကြီးတစ်စင်းဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပို့ဆောင်ရေးကဏ္ဍတွင်အရေးပါသောတံတားကြီးတစ်စင်းအဖြစ်တည်ရှိလျက်ရှိ၍ ရန်ကုန်မြို့၏ ကျက်သရေဆောင် တံတားကြီးတစ်စင်းအဖြစ် ဂုဏ်ယူဖွယ်တည်ရှိလျက်ရှိသည်။

သန်လျင်တံတားအမှတ်(၃)သည်ရန်ကုန်မြို့ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁၉၇၅ ပေ၊ သန်လျင်ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၂၆၄၇ ပေနှင့် ပင်မတံတားအရှည် ၃၀၁၆ ပေဖြင့် စုစုပေါင်းတံတားအရှည် ၈၆၃၈ ပေဖြင့် သံမဏိကြိုးဆိုင်းတံတားကြီး တစ်စင်းအဖြစ်တည်ရှိလျက်ရှိပြီး ရန်ကုန်-သန်လျင်သွားလမ်းပိုင်းတွင် လေးလမ်းသွားဖြင့်လည်းကောင်း၊ သန်လျင်-ရန်ကုန်လမ်းပိုင်းတွင် ခြောက်လမ်းသွားအဖြစ်လည်းကောင်း နိုင်ငံတကာအဆင့်မီ“က”အဆင့် တံတားကြီးတစ်စင်းအဖြစ် တည်ဆောက်ထားသည်။

အဆိုပါတံတားကြီးပေါ်မှ အိမ်စီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ကွန်တိန်နာယာဉ်နှင့် ယာဉ်မျိုးစုံနေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိပြီး ယခင်က ရန်ကုန်-သန်လျင်သွားလာမှုတွင် ကြုံတွေ့ခဲ့ရသောယာဉ်ကြောပိတ်ဆို့မှုအခက်အခဲကို သန်လျင်တံတားအမှတ်(၃)ကြီးက ဖြေရှင်းပေးနိုင်ခဲ့သည်။ ယနေ့တွင်ရန်ကုန်မြို့ပြသို့ဝင်ရောက်သည့် လုပ်ငန်းခွင်ကဏ္ဍနှင့် သီလဝါအထူးစီးပွားရေးဇုန်မှကုန်စည်ပို့ဆောင်ရေးကဏ္ဍများ မြန်ဆန်သွက်လက်လာလျက်ရှိရာ ရန်ကုန်မြို့ပြ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုလျက်ရှိသည့်အပြင် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍကိုလည်း မြန်ဆန်စွာစီးဆင်းနိုင်မှုဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ခတ်ပုံ - ကနူး

ညိမ်းသူ(သတင်းစဉ်)

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

ငလျင်ဘေးသင့်ဒေသများတွင်ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတို့မှ အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသည် မဖြစ်မနေလိုအပ်သောပစ္စည်းများဖြစ်ပြီး ငလျင်ဖြစ်ပွားရာဒေသများကို စုံစမ်းကြည့်ရာတွင်လိုအပ်ချက်အရ ဈေးနှုန်းကြီးမြင့်ကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ငလျင်ဘေးသင့်ဒေသများတွင်တည်ဆောက်ရေးပစ္စည်းများအရည်အသွေးပြည့်မီပြီး ဈေးနှုန်းမှန်ကန်စွာ လုံလောက်စွာရရှိနိုင်ရေး၊ အချိန်မီရရှိနိုင်ရေးအတွက် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း၊ တက်ရောက်လာသည့်ဌာနများနှင့်အသင်းများကလည်း ဈေးရောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ငလျင်ဘေးသင့်အဆောက်အအုံများအား ပြင်းအားရစ်(ခ်)တာစကေး ၈ အဆင့်ဒဏ်ခံနိုင်ရန် ပြန်လည်တည်ဆောက်ရာတွင် အရည်သွေးမှန်ကန်သည့်ပစ္စည်းများ အသုံးပြုနိုင်ရေးနှင့် ဈေးနှုန်းသက်သာစေရေး၊ အာမခံချက်ရှိသည့်ပစ္စည်းများကို လွယ်ကူလျင်မြန်စွာဝယ်ယူအသုံးပြုရေးနှင့် အဆောက်အအုံများ မြန်ဆန်စွာဆောက်လုပ်နိုင်ရေးရည်ရွယ်၍ ဈေးရောင်းပွဲတော်ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ အဆိုပါဈေးရောင်းပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကျင်းပသွားမည်ဖြစ်ရာ သက်ဆိုင်ရာအသင်းများ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာအသင်းများက ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချရာတွင် အမှန်တကယ်လိုအပ်သူများကို ရောင်းချပေးနိုင်ရေးနှင့် ဈေးနှုန်းသက်သာစွာ အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိရေးတို့အတွက် တာဝန်ယူ၊ တာဝန်ခံ၍ ရိုးသားစွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်အောင်မြင်စွာဆောင်ရွက်နိုင်ရေးလိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Grouting ဘိလပ်မြေ ထုတ်လုပ်သည့် Sika Myanmar Limited နှင့် Aung Pyitan Co., Ltd. တို့ကလည်း လက်ရှိဆောင်ရွက်နေမှု၊ ဘိလပ်မြေဝယ်လိုအား မြင့်တက်လာသည့်အတွက်တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု၊ ဈေးရောင်းပွဲတော်တွင် ဈေးနှုန်းလျှော့ချရောင်းပေးမည့် အခြေအနေနှင့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချပေးနိုင်ရေးအတွက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဌာနေကိုယ်စားလှယ် Mr. Thushara Fernando အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Thushara Fernando အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးသင့်ပြည်သူများ၊ လူနာများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ငလျင်ဘေးဒဏ်သင့်သူများဖြစ်သော်လည်း ကျန်းမာရေးဝန်ဆောင်မှုများ ရပ်ဆိုင်းမသွားအောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှု၊ ငလျင်ဘေးဒဏ်ကြောင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ခြေလက်အင်္ဂါဆုံးရှုံးခဲ့ရသည့် လူနာများအတွက် ခြေတုလက်တုထုတ်လုပ်တပ်ဆင်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာနှင့် စက်ကိရိယာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ငလျင်ဘေးဒဏ်သင့်ဒေသများရှိပြည်သူများ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ငလျင်လှုပ်ပြီး ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုနေမှုနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား မူလအခြေအနေထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်များ၊ WHO ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည်မန္တလေးလျှပ်ကြီးဘေးခံစားခဲ့ရသောပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် INCHEON Dental Association မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းနှစ်ရာကိုလည်းကောင်း၊ Grand Medi Core Co.,Ltd. မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းငါးဆယ်ကိုလည်းကောင်း၊ ကြေးမုံဆေးရုံ(နေပြည်တော်)မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၉

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar(SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 (Call Sign: XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

Provision of Side Scan Sonar(SSS) and Associated Studies လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်သည်-

| Point | Latitude | Longitude |
| --- | --- | --- |
| Crab2 | 15˚ 02' 36.60" N | 94˚ 05' 40.69" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar(SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 (Call Sign: XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားပါသည်။

(သတင်းစဉ်)

# လူ့အဖွဲ့အစည်း၏ မရှိမဖြစ်အခြေခံအုတ်မြစ်ဖြစ်သော လုပ်သားကြီးများ

ကိုဘုန်း(ထုတ်လုပ်)

အလုပ်သမားများသည် လူ့အဖွဲ့အစည်း၏အခြေခံအုတ်မြစ်ဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားသောစီးပွားရေးလုပ်ငန်းများအားလုံးသည် အလုပ်သမားများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် ရပ်တည်နေရခြင်းဖြစ်သည်။ အလုပ်သမားများ၏ ကြိုးပမ်းမှုမရှိပါက လူ့အဖွဲ့အစည်းသည် တိုးတက်မှုမရှိနိုင်ပေ။ ထိုသို့အရေးပါလှသော အလုပ်သမားများကို ဂုဏ်ပြုသည့်နေ့သည် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်၍ နှစ်စဉ် မေလ ၁ ရက်နေ့တွင် ကျရောက်ပြီး အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ခလစာများ၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးစသည့် အခွင့်အရေးများကို အသိအမှတ်ပြုသည့်နေ့ဖြစ်သည်။ အဆိုပါနေ့သည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများ၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုသည့်နေ့ဖြစ်ပြီး သမိုင်းကြောင်းအရလည်း အလုပ်သမားလူတန်းစားများ၏ ရပ်တည်မှုနှင့် လှုပ်ရှားမှုများကို အမှတ်ရစေသည်။

**ကမ္ဘာ့အလုပ်သမားနေ့သမိုင်းကြောင်း**

မေလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဟုသတ်မှတ်ခြင်းမှာ ၁၈၈၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ချီကာဂိုမြို့မှ ဟေးမတ်ကတ်အရေးအခင်းကို ဂုဏ်ပြုခြင်းဖြစ်သည်။ ယင်းအရေးအခင်း၌ တစ်နေ့အလုပ်ချိန် ရှစ်နာရီသတ်မှတ်ရေးအတွက် အထွေထွေသပိတ်ဖြစ်ပွားစဉ်အတွင်း ရဲတပ်ဖွဲ့က လူစုခွဲရန်ကြိုးပမ်းရာ အမည်မသိလူတစ်ဦးက ရဲတပ်ဖွဲ့အတွင်းသို့ ဗုံးတစ်လုံးပစ်ပေါက်ကာခွဲခဲ့သည်။ ရဲတပ်ဖွဲ့က ပြန်လှန်ပစ်ခတ်သောကြောင့် ဆန္ဒပြသူအလုပ်သမားလေးဦး သေဆုံးခဲ့ရသည်။ ထို့ကြောင့် မေဒေး ခေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးကိုသိရှိကာ မိမိတို့အခွင့်အရေးအတွက် မိမိတို့ကိုယ်တိုင်တောင်းဆိုတိုက်ပွဲဝင်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့အတူ အလုပ်သမားတို့၏အခွင့်အရေးကို ကာကွယ်ပေးရန်အတွက် အလုပ်သမားသမဂ္ဂများလည်း ကမ္ဘာအနှံ့အပြား၌ပေါ်ထွန်းလာခဲ့ရသည်။

၁၈၈၇ ခုနှစ်တွင် အော်ရီဂွန်ပြည်နယ်သည် အလုပ်သမားနေ့ကို တရားဝင် အများပြည်သူရုံးပိတ်ရက်အဖြစ်သတ်မှတ်သော အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးပြည်နယ်ဖြစ်လာသည်။ ၁၈၈၉ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာဆိုရှယ်လစ်တို့၏ ဒုတိယညီလာခံ၌ မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့ဟု သတ်မှတ်ပေးခဲ့ကြပြီး ၁၈၉၀ ပြည့်နှစ် မေလ ၁ ရက်မှစတင်ပြီး ကမ္ဘာတစ်ဝန်းတွင် အလုပ်သမားနေ့အထိမ်းအမှတ်ပွဲများ ပထမဆုံးကျင်းပခဲ့ကြသည်။ ၁၈၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ပြည်နယ်ပေါင်း ၃၀ က အလုပ်သမားနေ့ကို တရားဝင်ကျင်းပလာခဲ့သည်။

**နိုင်ငံတော်မှ အလေးပေးဆောင်ရွက်လျက်ရှိသော အလုပ်သမားကြီးများ၏အခန်းကဏ္ဍ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် မေလ ၁ ရက်ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် အခမ်းအနားများကျင်းပကြပြီး မိမိတို့မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အလုပ်သမားနေ့ကို ၁၉၃၈ ခုနှစ် မေလ ၁ ရက်မှစတင်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ် မေလ ၁ ရက်တွင် (၈၇) ကြိမ်မြောက်သို့ပင်ရောက်ခဲ့ပြီဖြစ်လေသည်။

ယခုအချိန်တွင် ကမ္ဘာ့အလုပ်သမားနေ့ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာတွင် အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင် ၁၉၁၆-၁၉၁၇ ခုနှစ်တွင် ရေနံချောင်းဘီအိုစီ ရေနံတွင်းသပိတ်၊ ၁၉၁၈-၁၉၁၉ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီစာရေး ၂၀၀ ခန့်က ရှောင်တခင်ခွင့်နှင့် လုပ်သက်ခွင့်ရရေးတို့အတွက် သပိတ်မှောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ၁၉၃၈ ခုနှစ်မှစတင်ပြီး အလုပ်သမားနေ့ (မေဒေး)ကို ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာကာ မေဒေးနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် ပြဋ္ဌာန်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၃ ခုနှစ်တွင် ပြည်သူ့အလုပ်သမားကောင်စီကို ဖွဲ့စည်းခဲ့သည်။

ကမ္ဘာပေါ်ရှိ လူသားအလုပ်သမားများကို အမျိုးအစားခွဲခြားကြည့်လျှင် ကာယအလုပ်သမားနှင့် ဉာဏအလုပ်သမားဟူ၍ နှစ်မျိုးနှစ်စားခွဲခြားတွေ့နိုင်မည်ဖြစ်သည်။ မြန်မာအဘိဓာန်တွင်လည်း အလုပ်သမားဟူသည် မိမိအသက်မွေးမှုအတွက် ကာယအား၊ ဉာဏအားကိုအသုံးပြု၍ အလုပ်လုပ်သူဟူ၍ ဖွင့်ဆိုထားသည်။ အလုပ်လုပ်ရာ၌ မိမိအသက်မွေးမှုအတွက် မိမိအလုပ်ကို ကိုယ်တိုင်လုပ်ခြင်းနှင့် သူတစ်ပါး၏အလုပ်ကို လုပ်အားခယူ၍လုပ်ခြင်းဟူ၍ အလုပ်နှစ်မျိုးရှိသည်။ မည်သို့ပင်ဖြစ်စေ ကာယ၊ ဉာဏ အလုပ်သမားများသည် မိမိတို့ဘဝရပ်တည်ရှင်သန်ရေး

> **❖ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏လုပ်အားကို တန်ဖိုးထားဖော်ထုတ်လျက်ရှိ၊ အလုပ်သမားများကိုလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး၊ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးအတွက် အားပေးလျက်ရှိ၊ အလုပ်သမားတို့အတွက် ရပိုင်ခွင့်နှင့်တာဝန်သည် ကွဲကွဲပြားပြားထင်ရှားပေါ်လွင်လာပြီဖြစ် . . .**

အတွက် ကာယအား၊ ဉာဏအားများကိုရင်းကာ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးဆပ်နေကြသူများဖြစ်သည်ဟု ဆိုနိုင်သည်။

လူတစ်ယောက်သည် အနည်းဆုံးအလုပ်အကိုင်တစ်ခုတော့ ရှိရမည်ဖြစ်သည်။ "အလုပ်မရှိက ဘဝမရှိနိုင်"၊ "ဘဝကို အလုပ်ဖြင့်တည်ဆောက်ရမည်" ဟူသော ဆောင်ပုဒ်များသည် အလုပ်၏ အရေးကြီးပုံကို ဖော်ပြထားခြင်းဖြစ်သည်။ အလုပ်ရှိမှသာ ဘဝတိုးတက်မှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး ဘဝရပ်တည်ရေးအတွက် အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် လူသားနှင့် အလုပ်အကိုင်၊ အလုပ်အကိုင်နှင့်လူသားသည် ယှဉ်တွဲ၍နေရမည်သာဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သောတောင်သူလယ်သမားနှင့်အလုပ်သမားတို့၏လုပ်အားကိုတန်ဖိုးထားဖော်ထုတ်လျက်ရှိသည်။ အလုပ်သမားများကိုလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး၊ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးအတွက် အားပေးလျက်ရှိသည်။ အလုပ်သမားတို့အတွက် ရပိုင်ခွင့်နှင့် တာဝန်သည် ကွဲကွဲပြားပြားထင်ရှားပေါ်လွင်လာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာစေရေး၊ အခြေခံပညာကဏ္ဍမြှင့်တင်နိုင်ရေး၊ အရည်အချင်းပြည့်ဝသည့်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ အရည်အသွေးရှိသည့်ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး၊ ကျေးလက်ဒေသတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများပေးနိုင်ရေး၊ MSME လုပ်ငန်းများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အလုပ်သမားဝန်ကြီးဌာနသည် ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှုလျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့်ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရမှချမှတ်ပေးသည့်မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်သားအင်အားကို စနစ်တကျနှင့် အကျိုးရှိစွာအသုံးချနိုင်ရန်အရေးကြီးသည်။ ထိုသို့ဆောင်ရွက်ရာတွင် မဟာဗျူဟာရေးဆွဲခြင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ သာတူညီမျှအခွင့်အရေးများနှင့် စီးပွားရေးတိုးတက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် လူမှုဘဝတိုးတက်မှုတို့ကို တွန်းအားပေးရန်အတွက် အရည်အချင်းများကို ထိရောက်စွာအသုံးချခြင်းများပါဝင်သည်။

ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးသည် အမှန်တကယ်ပင် အခြေခံကျသည်။ ငယ်ရွယ်စဉ်ကလေးဘဝမှ အထက်တန်းပညာရေးအထိ အဆင့်တိုင်းတွင် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်း၊ တစ်သက်တာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ခြင်း၊ ကျွမ်းကျင်မှုတည်ဆောက်ခြင်း အစပျိုးခြင်းများကို ပံ့ပိုးပေးခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးခြင်းနှင့် နိုင်ငံသားအားလုံးအတွက် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများတန်းတူရရှိစေရေးတို့ပါဝင်သည်။ ထို့ပြင်အလုပ်အကိုင်ဖန်တီးမှု၊ စွန့်ဦးတီထွင်မှုတို့ကို ပံ့ပိုးပေးသည့်မူဝါဒများသည် လူသားအရင်းအနှီး၏အလားအလာကို အမြင့်ဆုံးမြှင့်တင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မောင်းနှင်ရန်အတွက် အရေးကြီးသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူဖြစ်စေသည်။ စွန့်ဦးတီထွင်မှုမြှင့်တင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှု၊ အခြေခံအဆောက်အဦ ပရောဂျက်များတွင် ရင်းနှီးမြှုပ်နှံမှု၊ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးအစီအစဉ်များတိုးမြှင့်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) တို့ကို ပံ့ပိုးပေးခြင်းတို့အပြင် အဆင်ပြေသော စီးပွားရေးပတ်ဝန်းကျင်ကို မွေးမြူပြီး အားလုံးပါဝင်သော မူဝါဒများကို မြှင့်တင်ခြင်းသည်လည်း မြန်မာနိုင်ငံအလုပ်သမားများ၏ အလုံးစုံသော ဘဝအရည်အသွေးကိုမြှင့်တင်ရန် အလုပ်အကိုင်များပိုမိုဖန်တီးပေးရာတွင်လည်း အထောက်အကူဖြစ်စေသည်။

အလုပ်သမားများအား အကာအကွယ်ပေးနိုင်မည့်ခိုင်မာသောဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ပေးရမည်။ ၎င်းတွင် မျှတသောလုပ်ခလစာ၊ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အခြေအနေ၊ သင့်လျော်သောအလုပ်ချိန်၊ ခွဲခြားဆက်ဆံမှု၊ နှောင့်ယှက်မှုမှအကာအကွယ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခကြေးငွေပေးဆောင်ခွင့်ကဲ့သို့သော အကျိုးကျေးဇူးများကို ရရှိစေရေးတို့ ပါဝင်ရမည်။ ထို့ပြင် ဥပဒေများကိုလိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်းသည် အလုပ်သမားများကို အကာအကွယ်ပေးရာတွင် မရှိမဖြစ်လိုအပ်သည်။

မြန်မာအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရာတွင် လူနေမှုစရိတ်၊ စီးပွားရေးအခြေအနေ၊ အလုပ်သမားဈေးကွက်တက်ကြွမှုနှင့် လူမှုဖူလုံရေးစသည့်အချက်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

**စာမျက်နှာ ၁၄ သို့ ◆**

◆ **စာမျက်နှာ ၁၃ မှအဆက်**

တရားမျှတပြီး ထိရောက်မှုရှိစေရန်အတွက် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အစိုးရကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးရန်လိုအပ်သည်။ ထို့ပြင် စီးပွားရေးအခြေအနေများနှင့် လူနေမှုအဆင့်အတန်းဆိုင်ရာ ပြောင်းလဲမှုများအတွက် အချိန်အခါအလိုက် ပြန်လည်သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများလိုသည်။ ထို့ပြင် အလုပ်အကိုင်အဆင့်၊ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အလားအလာရှိသော အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းသည် အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကိုမျှတစေမည့် သင့်လျော်သော အနည်းဆုံးအခကြေးငွေကို ဆုံးဖြတ်ရာတွင် မရှိမဖြစ်လိုအပ်သည်။

ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားရမည့် အချိန်ဖြစ်ရာ နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်းတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်နားလည်မှုရှိဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပဲခူးမြို့၌ လူငယ်စင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဧပြီ ၂၉**

ပဲခူးမြို့၌ လူငယ်စင်တာ ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၈ ရက် နံနက်ပိုင်းက ရွှေမော်ဓောဘုရားလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်စင်တာ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က လူငယ်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူငယ်စင်တာကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ လူငယ်စင်တာအဆောက်အအုံ၌ ပါဝင်သည့် GYM ခန်းမ၊ အနုပညာ(ဂီတ)ခန်းမ၊ စာကြည့်တိုက်၊ ရုံးခန်း၊ ကွန်ပျူတာခန်းမ၊ အနုပညာ(ပန်းချီ)ခန်းနှင့် သက်မွေးသင်တန်းခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်ထံ အားကစားပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာ၊ ပန်းဖွားနှင့် သီဆိုဖျော်ဖြေခဲ့သော အဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်ကြောင်းသိရသည်။

(၄၀၁)၊ **တင်စိုး(ပဲခူး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေး

**နတ်မောက် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ဧပြီလ ၂၈ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မျက်ရဲကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၈၁ သိန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မျက်ရဲကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၈၁ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**မူမူစန်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ပန်းတို့၏ အလှတရား
၇။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း အချစ်ဆုံးသူရဲ့ရင်မှာ (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်- ပြေငြိမ်း၊ ရဲအောင်၊ မေဆွိ ဒါရိုက်တာ-အောင်မြင့်မြတ်**

## ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၁၀၄၉၁၁၊ ၀၆၇-၃၄၁၀၄၉၂၂၊ ၀၆၇-၃၄၁၀၄၉၃၃၊ ၀၆၇-၃၄၁၀၄၉၄၄၊ ၀၆၇-၃၄၁၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၈၃၅၊ ၀၅၇-၂၀၂၇၈၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ



သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား) မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၉**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိမြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်၌စတင်ကျင်းပရာ ဗဟိုကောင်စီဝင် ၅၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ် ၁၁၀ ဦးတို့တက်ရောက်ကြပြီး ဗဟိုကောင်စီဝင်၁၈ဦးနှင့်ညီလာခံကိုယ်စားလှယ် ၁၄၇ ဦးတို့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မှ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)နှင့် သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုကောင်စီ၏အစီရင်ခံစာကို ဗဟိုအမှုဆောင်အဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး(၁) ကလည်းကောင်း၊ ဗဟိုအမှုဆောင်အဖွဲ့၏ ဖွဲ့စည်းရေးဆိုင်ရာစာတမ်းနှင့် ပြောင်းရွှေ့နေထိုင်ရသည့် မြို့နယ်အမှုဆောင်အဖွဲ့များတာဝန်ထမ်းဆောင်နိုင်ရေးနှင့် ပြောင်းရွှေ့နေထိုင်ရသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များ စနစ်တကျရှိစေရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများ ပံ့ပိုးနိုင်ရေးစာတမ်းကို ဗဟိုအမှုဆောင်အဖွဲ့ဝင် အတွင်းရေးမှူးကလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ လစ်လပ်ဗဟိုကောင်စီဝင်များ ရွေးကောက်တင်မြှောက်ခြင်း၊ ဗဟိုကောင်စီဝင်အမည်စာရင်းကိုကြေညာခြင်း၊ ကတိသစ္စာပြုခြင်းများဆောင်ရွက်ကြပြီး အစည်းအဝေးကိုခေတ္တရပ်နားသည်။

ထို့နောက်ညီလာခံဒုတိယပိုင်းအစီအစဉ်ကိုဆက်လက်ကျင်းပရာ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးကိုအတည်ပြုခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၏ရာထူး/တာဝန်များအတည်ပြုခန့်အပ်ခြင်းတို့ကိုဆောင်ရွက်ကြပြီး အထူးညီလာခံ ပထမနေ့အစီအစဉ်များကို ရပ်နားခဲ့ကြောင်းနှင့် ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

**○ ကျောဖုံးမှအဆက်**

**ရန်ကုန်မြို့**ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၁၀ ဦး၊ မွန်ပြည်နယ်၊ **မော်လမြိုင်မြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ ကရင်ပြည်နယ်၊ **ဘားအံမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၄၀ ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ **ကျိုင်းတုံမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း(၁၁)ခု၌ ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင်စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့်ဖွင့်လှစ်သင်ကြားလျက်ရှိရာ **ရန်ကုန်မြို့**ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ **မော်လမြိုင်မြို့**ရှိ



၂၀၂၅ ခုနှစ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။





၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများလေ့ကျင့်သင်ကြားပေးစဉ်။

သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း(၈၀၀)ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို စစ်ဦးစီးအရာရှိချုပ်(ရေ) မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦးအားလည်းကောင်း၊ **ပြည်မြို့**ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦးအားလည်းကောင်း၊ **နေပြည်တော်ကောင်စီနယ်မြေ**ရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ **ကျိုင်းတုံ**မြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးအားလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတ်သွေးဓာတ်မာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများမှ လေ့ကျင့်သင်ကြားပေးနေမှုများအား တွေ့မြင်ရပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၉

အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလျှင်ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်အဆောက်အဦများအနက် ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် အဆောက်အဦများအား ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် အသစ်ပြန်လည်တည်ဆောက်ရမည့်အဆောက်အဦများအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံတော်ပိုင်ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများနှင့် အထူးအဆောက်အဦများအား စစ်ဆေးနိုင်ရန် အဆင့်(၁)စစ်ဆေးရေးအဖွဲ့ ၁၈ ဖွဲ့ ၊ အဆင့်(၂) စစ်ဆေးရေးအဖွဲ့ ၁၁ ဖွဲ့နှင့် အထူးစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့တို့ကို အမည်များနှင့်တကွ ဖွဲ့စည်းခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများနှင့်ပတ်သက်၍ ဤကော်မတီက ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးကာ အရောင်ခွဲခြားသတ်မှတ်မှု (အနီရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်) အဆင့်သတ်မှတ်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း။

အဆောက်အဦများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ် အင်အားရစ်(ခ်)တာစကေး ၈.၀ ခံနိုင်ရည်ရှိသည့် အဆောက်အဦများဖြစ်အောင် ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီး ဘေးဒဏ်ခံရသော နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် **"အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ"** များကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၆ ခုအတွက် မြေငလျင်ဒဏ်သင့် အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးကော်မတီ ၆ ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆောက်အဦပျက်စီးမှုအား အကဲဖြတ်အဓိပ္ပာယ်သတ်မှတ်ချက် (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်)များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်း/ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ သတ်မှတ်ထားသော အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် "ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အဦ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့်ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်(Standard Operating Procedure–SOP)"များကိုလည်း ဖြန့်ဝေပေးခဲ့ပြီး ပြင်ဆင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ MSME နှင့် စက်မှုဇုန်များရှိအဆောက်အဦများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအပြင် ဖြန့်ဝေပေးထားသည့် SOP များအတိုင်း စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရုံးဌာနအဆောက်အဦများအား ပြင်ဆင်ရန်အတွက် မူလတည်ဆောက်ခဲ့သော ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ လက်ရှိဆောင်ရွက်နေသည့်ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်းနှင့် အင်ဂျင်နီယာအသင်း ၃ သင်းမှ သတ်မှတ်ထောက်ခံပေးထားသည့် ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း စသည့်နည်းလမ်း ၃ မျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်သက်ဆိုင်ရာ ပြည်နယ်/အစိုးရများက တာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အတည်ပြုပေးသည့် မြို့ပြအင်ဂျင်နီယာများပါဝင်သောပညာရှင်များအား ဖွဲ့စည်းတာဝန်ပေးအပ်၍ ခန့်မှန်းကုန်ကျငွေ (Estimate) များတွက်ချက်ပြီး သက်ဆိုင်ရာပြုပြင်တည်ဆောက်ရေးအဖွဲ့မှတစ်ဆင့် "အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ" သို့တင်ပြကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီတွင် ခန့်မှန်းကုန်ကျငွေအား လုပ်ငန်းပမာဏအရ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းများဖြင့် စစ်ဆေးခြင်းတို့ဖြင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါကော်မတီမှတစ်ဆင့် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"သို့ ဆက်လက်တင်ပြဆောင်ရွက်သွားပြီး "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးနိုင်ရေး စီမံပေးခြင်းဖြင့် ငလျင်ဒဏ်သင့်အဆောက်အဦများ ပြုပြင်ခြင်းလုပ်ငန်းများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေးအတွက် စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များက ရုံး/ဌာနများအလိုက် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များ၏အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# အင်းစိန်ခရိုင်ရုံးရှိ စာကြည့်တိုက်နှင့် ရုံးအဆောက်အအုံများကြံ့ခိုင်မှုနှင့် သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှု ဒုတိယဝန်ကြီး ဦးရဲတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် ရုံးအဆောက်အအုံများကြံ့ခိုင်မှုနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထင်အောင် (အငြိမ်းစား) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက စာကြည့်တိုက်များအတွက် လှူဒါန်းသော သိပ္ပံနည်းပညာနှင့် ဘာသာရပ်ဆိုင်ရာ မြန်မာ၊ အင်္ဂလိပ် စာအုပ်များ၊ သုတရသစာအုပ်များ အစရှိသည့် စာအုပ်ပေါင်း ၆၃၁ အုပ်ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အဆိုပါရုံး၌ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းရေးရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိန္ဒိယသံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်မှု၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များစေလွှတ်ပေးမှုများအတွက် အိန္ဒိယနိုင်ငံအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်မည့်နည်းလမ်းများနှင့် ငလျင်ဒဏ်ခံစားရသူများအား ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ အင်ပြင်ပျိုးဥယျာဉ် ရှင်းလင်းဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အင်းလေးကန်ပတ်ဝန်းကျင် ရေဝေရေလဲဒေသများ အထူးစိမ်းလန်းစိုပြည်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကလောမြို့ ရေကြီးရေလျှံမှုကြောင့် ရေတိုက်စားပျက်စီးသွားသော အင်ပြင်ပျိုးဥယျာဉ်အား ပြန်လည်ပြုပြင်ထားမှုအခြေအနေနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၆၁၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းမြို့ ပေါ်တုတ်ကျေးရွာအနီး အောင်ပန်းနှင့် အင်းလေးကန်ကြားရှိ တောင်ကုန်းတောင်တန်းများ စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ခင်းတည်ထောင်မည့် မြေနေရာ ၁၆ ဧကအတွင်း ယခုနှစ်မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရန် ပန္နက်ရိုက်၊ ကျင်းတူးဆောင်ရွက်ထားရှိမှုနှင့် ပေါ်တုတ်ကျေးရွာအနီး တောင်ကုန်းတောင်တန်းများ စိမ်းလန်းစိုပြည်စေရေးအတွက် သစ်စေ့ဆူးထိုးစိုက်ပျိုးမည့် မြေနေရာ၂၄၄ ဧက ရွေးချယ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းမြို့ ညောင်ကုန်းကျေးရွာအနီး စိမ်းလန်းစိုပြည်ရေး စိုက်ခင်းတည်ထောင်မည့် မြေနေရာငါးဧကသို့သွားရောက်၍ ပန္နရိုက်၊ ကျင်းတူးဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစဉ်များ အချိန်မီပြီးအောင်ဆောင်ရွက်သွားရန်မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ် အင်ကြင်းကုန်းကျေးရွာဟိုတယ်ဇုန်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အင်းလေးကန်အတွင်းရှိနေအိမ်နှင့်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသားများရောက်ရှိစုပုံထားမှုနှင့် ခွဲဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လှည့်လည်ကြည့်ရှု



နေပြည်တော် ဧပြီ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းသင်ကြားနိုင်ရန် ပြင်ဆင်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် အထက(ခွဲ)ရန်အောင်မြင်နှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး စခန်းသွင်းသင်ကြားနိုင်ရန် ပြင်ဆင်ထားမှုအခြေအနေများ၊ လေ့ကျင့်သင်ကြားပေးနေမှုများအား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကျောင်းများတွင်လိုအပ်သည့် သောက်သုံးရေနှင့်လျှပ်စစ်မီးရရှိရေး၊ ကျောင်းအိပ်၊ ကျောင်းစားနေထိုင်နိုင်ရေးအတွက် စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာနေထိုင်သင်ကြားနိုင်ရေး၊ ဆရာ၊ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## (၂၉-၄-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၆၆၀,၀၀၀) ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **" ပြည်သူ့ကြားက ပြည်သူ့စကား "** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ"**ခေါင်းစဉ်ဖြင့် ၃၀-၄-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Farmers finish harvest of pigeon pea in Kyunhla Township



KYUNHLA April 29

Kyunhla Township Agriculture Department stated that all sown acreage of pigeon pea has been harvested in Kyunhla Township of Sagaing Region.

Local farmers have planted 11,535 acres of pigeon pea in the township. Starting from January this year, they harvested all acreage of pigeon pea, yielding more than 15 baskets of crops.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department stated: "Farmers have harvested cent per cent harvest of pigeon pea on 11,535 acres of croplands. Our department helped local farmers boost per-acre yield of crops. Local farmers grow pigeon pea on separate lands as well as mix-cropped form."

Officials of the Township Agriculture Department raised farmer awareness of using quality seeds, correct agricultural techniques, prevention of pests and boosting per-acre yield.

Moreover, officials of the department shared techniques of making natural fertilizers and pests with farmers to cut cost of cultivation.

SMK

# Large quantities of shrimp paste sent from Labutta Township to Yangon Market



LABUTTA April 29

Daw Win Maw, a fish paste and dried fish trader from Labutta Township of Ayeyawady Region, stated that large quantities of shrimp paste were exported and sold to the Yangon market.

Shrimp paste from Labutta Township is mainly transported to Yangon for sale. In December 2024, only 65,000 viss of shrimp paste were sold, but in January, the volume of shrimp paste increased to 85,000 viss. The local shrimp paste is currently priced at around Ks-21,000 per 10 viss.

"We are exporting and selling local products, including shrimp paste, from Labutta Township to the Yangon market. Over the past month, we managed to sell up to 85,000 viss of shrimp paste. The demand for shrimp paste in Yangon is currently very high. Domestic market demand for shrimp paste has increased, and prices have also risen. With the improvement in sales, not only the business owners but also the workers are benefiting," said Daw Win Maw.

Seafood traders in Labutta Township purchase shrimp from local fishermen and process it into ready-to-eat shrimp paste for sale. The shrimp paste production and trade serve as a key local economic activity, creating employment opportunities for at least 15 to 25 workers per business in the region.

SK

# Wetlet Township finishes cultivation of more than 2,100 acres of lablab bean

WETLET April 29

According to the Wetlet Township Agriculture Department of Sagaing Region, local farmers have planted 2,100 acres of lablab bean in Wetlet Township.

They started cultivation of the bean in October 2024, and so far, they have planted 2,100 acres of lablab bean against the target of 2,125 acres.

Daw Kyin San, Head of Wetlet Township Agriculture Department disclosed: "In Wetlet Township, there are plans to cultivate 2,125 acres of lablab bean. As of today, a total of 2,100 acres have already been planted. To improve yield rates and quality, we work closely with farmers, providing them with quality seed varieties, ensuring proper agricultural input management, and offering guidance on post-harvesting techniques."

Officials from the Township Agriculture Department encourage local farmers to expand sown acreage of crops, boost per-acre yield, and use quality strains of crops with GAP system.

Crops grown using the GAP (Good Agricultural Practices) system tend to have better quality compared to those grown using other methods. These crops also fetch higher prices, and due to their superior quality, they can be exported to international markets as well as sold in domestic markets. As a result, farmers who use this system can see increased profitability.

SK

# Farmers complete harvest of monsoon paddy in Mawlaik Township

MAWLAIK April 29

Based on statistics of the Mawlaik District Department of Agriculture, the monsoon paddy planted during the monsoon cropping season has been fully harvested in Mawlaik Township of Sagaing Region.

This year, farmers in Mawlaik Township cultivated monsoon paddy across 18,960 acres of farmlands. Harvesting began in November 2024, and as of today, all 18,960 acres have been successfully harvested. The average yield was reported to be 83.65 baskets of paddy per acre.

"Mawlaik Township successfully cultivated monsoon paddy over 18,960 acres, and now the entire cultivated area has been fully harvested. We provided necessary technical support and quality seeds to ensure timely planting. Our team also worked closely with farmers to assist them throughout the growing season," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

To ensure smooth and systematic farming, local agricultural offices collaborated with farmers, providing technical assistance, pest control awareness, and disaster prevention measures. Efforts were also made to ensure harvested rice reached proper storage facilities in a timely manner.

Moreover, the Department of Agriculture and its staff implemented various agricultural techniques to maximize yield and crop quality. These included selecting high-quality seeds, preventing pest infestations, applying proper fertilization techniques, weeding and thinning practices, and ensuring the effective use of agricultural inputs.

With these efforts, the monsoon paddy fields in Mawlaik Township have seen a successful harvest, contributing to food security and farmer productivity in the region.

SMK

# More than 1,700 acres of peanut harvested in Pwintbyu Township

PWINTBYU April 29

According to the Pwintbyu Township Department of Agriculture, local farmers have harvested 1,705 acres of groundnut crops, which were cultivated during the winter season in Pwintbyu Township, Magway Region.

In Pwintbyu Township, a total of 3,086 acres of peanuts were cultivated during the 2024 winter crop season. Local farmers began harvesting in January, and as of today, 1,705 acres have been harvested.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "In the winter season, a total of 3,086 acres of peanuts were cultivated in Pwintbyu Township, surpassing the initially planned cultivation area. This year, peanut fields have thrived without any pest infestations, leading to a successful harvest. Currently, farmers have begun harvesting peanuts since January to prepare the fields for summer crops. A total of 1,705 acres of peanuts have so far been harvested. The yield per acre is also better than the previous year, with an output of 52.14 baskets per acre. Farmers are being advised to properly store harvested peanuts under protective cover and to harvest the remaining fields in a timely manner to prevent any decline in yield."

In Pwintbyu Township, a total of 3,086 acres of peanuts were cultivated during the winter crop season, exceeding the initial target of 2,930 acres to ensure sufficient edible oil consumption. The Department of Agriculture supported peanut farmers by promoting the cultivation of high-yield quality seeds, the systematic use of natural fertilizers and organic pesticides, adherence to the Good Agricultural Practices (GAP) system, and implementing pest control measures. These agricultural training programs were carried out in collaboration with relevant departments to provide necessary assistance.

She added that if the cultivation of oilseed crops, particularly peanuts, is expanded annually, it will not only ensure sufficient domestic cooking oil supply but also generate surplus for sale. This would lead to increased income for farmers and contribute to their economic development. Therefore, it is recommended to expand the cultivation of high-yield peanut varieties suitable for different regions.

**SK**

# More than 65,000 acres of sesame harvested in Yinmabin District

YINMABIN April 29

A total of 65,089 acres of winter sesame has been harvested in Yinmabin District of Sagaing Region, according to the district Agriculture Department.

Local farmers planted 65,089 acres of winter sesame and now, they have harvested all sown acreage of sesame, yielding 12.23 baskets per acre.

Daw Myat Moe Win, Head of Yinmabin District Agriculture Department, explained: "Yinmabin District was able to cultivate winter crops on 65,089 acres during the winter season. So far, winter sesame plantations have been harvested cent per cent. Sesame cultivation has been improving year by year. In terms of oilseed crops, the situation is currently successful."



In the district, Yinmabin Township harvested 8,024 acres of winter sesame, Kani Township 21,050 acres, Salingyi Township 19,095 acres and Pale Township 16,920 acres, totalling 65,089 acres.

In 2024-2025 cold season, Yinmabin Township earmarked cultivation of 13,160 acres of winter sesame, Kani Township 24,000 acres, Salingyi Township 23,900 acres and Pale Township 16,920 acres, totalling 77,980 acres.

Reportedly, in the Yinmabin District, sesame farmers have been educated by the relevant township agriculture departments on how to expand sesame cultivation, farming techniques, GAP farming systems, cultivating high-quality varieties, and planting high-yielding varieties.

Crops produced using the GAP system have better quality compared to those grown using other farming methods, resulting in higher prices. Due to the advantages of being able to export to international markets as well as the domestic market, farmers using the GAP system are expected to experience greater economic benefits, leading to improved socioeconomic life of farmers. **SK**

# Yekyi Township dispatches a large volume of 90-day paddy to Yangon Market

YEKYI April 29

Daw Myat Myat Thu, a rice and paddy trader from Yekyi Township stated that a significant quantity of 90-day paddy was supplied to the Yangon market from Yekyi Township.

"The demand in the Yangon rice and paddy market started rising from the first week of January. As a result, we managed to sell up to 72,000 baskets of 90-day paddy to the Yangon market. The domestic rice market in Yangon has been actively purchasing rice and paddy from the Ayeyawady Region. Currently, the Yangon market continues to buy paddy, and the exported paddy is of good quality," said Daw Myat Myat Thu.

The price of 90-day paddy from Yekyi Township reached up to Ks-1,790,000 per 100 baskets. Due to the continuous exports, traders, farmers, truck rental operators, and laborers involved in loading and unloading goods are all benefiting from stable business operations. **SMK**

# More than 80,000 visses of eel shipped to Yangon market

MAWLAMYINEGYUN April 29

Local fishermen and merchants from Mawlamyinegyun Township of Ayeyawady Region shipped to 85,000 visses of eel to the Yangon market, according to Daw Yu Yu Wai, a business owner of fishery product trading.

The increased export and sales of these eel is attributed to the strong demand for local fish in international markets.

Daw Yu Yu Wai commented: "The eel caught naturally in Mawlamyinegyun are the primary source. In the past month, a total of 85,000 visses of eel was sold in the Yangon market. The local eel were in high demand in the domestic market. These eel, caught in the region, are mainly exported to the Yangon market. To ensure the freshness and quality of the eel, they are systematically processed. The processed eel are then further distributed to other domestic and international markets through Yangon."

Daw Yu Yu Wai, the business owner of Mawlamyinegyun Township, mentioned that in the past month, the eel sold in Yangon reached up to Ks-185,000 per 10 visses. It is understood that eel farming activities, as well as eel caught from rivers, lakes, and farmlands in the region, contributed to the production of these eel.

**SMK**




# 13 countries joined Russia, China in Lunar Station Project

BRASILIA April 29

Thirteen countries, including BRICS members, have joined Russia and China in developing the International Lunar Research Station (ILRS), Russian state space corporation Roscosmos Director General Dmitry Bakanov said.

"Our joint initiative with China to establish the ILRS is progressing actively. Thirteen countries have already joined (Belarus, Pakistan, Azerbaijan, Venezuela, Thailand, Serbia, Nicaragua, Senegal, Djibouti, Bolivia), including BRICS partners (Egypt, Ethiopia, South Africa)," Bakanov said during a meeting of BRICS space agency leaders.

Bakanov noted Russia's unique expertise in Venus exploration, adding that its landing technology remains unmatched, as well as its expertise in lunar and Martian research. He also emphasized that Russia's deep-space advancements could form the foundation for future BRICS space programs.



**Sputnik**

# Eurasia must become space of peace, stability - Putin

VOLGOGRAD April 29

Eurasia must become a space of peace and stability, Russian President Vladimir Putin said on Tuesday.

"We are convinced that the international community needs to work together to create a new architecture of equal and indivisible security that would reliably protect all states without prejudice to the interests of others. This issue is especially relevant for Eurasia. Our common continent should become a space of peace and stability, an example of sustainable economic, social and humanitarian development," Putin said at the Great Heritage-Common Future forum in Russia's Volgograd.

Russia expects that military crews of many countries that are participating in the Volgograd international forum "Great Legacy — common future" will take part in the Victory Day Parade in Moscow on May 9, Putin added.

"We are waiting for the leaders of a number of states at the celebrations in Moscow and highly appreciate that the military crews of many countries represented here will march shoulder to shoulder with Russian soldiers at the Victory Day Parade on the Red Square," Putin said at the forum.

**Sputnik**

# Three killed, 5 injured in highway accident in Indonesia's West Java

JAKARTA April 29

At least three people were confirmed dead and five others seriously injured following a tragic highway accident on Tuesday in Indonesia's West Java Province, local police told media.

The incident occurred around 10 a.m. local time on a highway in Sumedang Regency, involving a minibus and a freight truck.

According to Sumedang police spokesman Awang Munggardijaya, the accident happened when the minibus, carrying eight people, collided with the rear of the freight truck. The driver of the minibus was likely not paying attention while driving.

"The injured were immediately taken to a nearby hospital," he said, adding that an investigation into the cause of the accident is underway.

Deadly road accidents are common in the Southeast Asian country due to overloading, poor road conditions, and reckless driving.

**Xinhua**

# Spain declares state of emergency after nationwide blackout




MADRID April 29

Spain declared a state of emergency on Monday after a massive power outage plunged the entire Iberian Peninsula into darkness. Authorities are still investigating the cause.

The blackout, which struck Spain and Portugal around midday and briefly affected parts of France, left millions without electricity, paralyzed public transport, and delayed flights.

In a televised address, Spanish Prime Minister Pedro Sanchez said the Ministry of the Interior would assume control over the situation in Madrid, Andalusia and Extremadura, ensuring public order and other functions at the request of regional leaders.

The measure would be extended "to the regions that want it," Sanchez added, adding "We are aware of the impact this [power outage] is having."

The Level 3 National Emergency Plan allows for the army to be deployed to preserve order and security wherever it is declared in effect. Sanchez stressed there was "no security problem," saying State Security Forces had stepped up their presence on the streets and highways.

The Interior Ministry said about 30,000 police officers had been deployed nationwide as the blackout stretched into the evening.

The announcement came as grid operator Red Electrica (REE) said electricity had been restored in parts of Catalonia, Aragon, the Basque Country and Andalusia, and it was working to identify the cause of the outage.

Earlier, Portugal's grid operator Redes EnergeticasNacionais (REN) said a "rare atmospheric phenomenon" over Spain, triggered by "extreme temperature variations," may have caused the blackout.

Portuguese Prime Minister Luis Montenegro later said authorities still did not know what caused the outage, but that it "did not originate in Portugal" and "everything indicates" the problem started in Spain.

Spanish officials have yet to confirm the cause. Addressing the uncertainty, Sanchez said there was no conclusive information and urged the public to avoid speculation.

REN said it had restored power to about 750,000 of its 6.5 million consumers by Monday evening.

**RT**

# 6.2-magnitude quake hits 286 km SW of Bluff, New Zealand -- USGS

HONG KONG April 29

An earthquake with a magnitude of 6.2 jolted 286 km SW of Bluff, New Zealand at 13:16:32 GMT on Tuesday, the U.S. Geological Survey said.

The epicenter, with a depth of 10.0 km, was initially determined to be at 48.18 degrees south latitude and 165.34 degrees east longitude.

**Xinhua**

# 6.8-magnitude quake hits Macquarie Island region -- USGS

HONG KONG April 29

An earthquake with a magnitude of 6.8 jolted the Macquarie Island region at 14:53:37 GMT on Tuesday, the U.S. Geological Survey said.

The epicenter, with a depth of 10.0 km, was initially determined to be at 54.29 degrees south latitude and 155.63 degrees east longitude.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Baby food pouches fail to give infants the nutrients they need, experts reveal

Baby food pouches from six leading brands fail to meet children's key nutritional needs, researchers found.

Brightly packaged products made by Ella's Kitchen, Heinz, Piccolo, Little Freddie, Aldi and Lidl were tested for their nutritional value and found to be lacking.

As well as being low in iron, which is vital for an infant's development, some contained more sugar than a one-year-old should consume in a day – despite being marked as containing 'no added sugar'.

The BBC Panorama investigation also found that nearly all the vitamin C in one fruit pouch had been lost during the manufacturing process.

Dr Alison Tedstone, a former government chief nutritionist, said the nutritional claims of baby food pouches were 'misleading', adding: 'You think as a parent it is a healthy product, and it just isn't.'

Dental experts also warned against feeding babies through the plastic spout on pouches, as this may cause tooth decay.

Eddie Crouch, of the British Dental Association, said: 'Parents of infants are still being marketed products more sugary than Coke. Voluntary action has failed. We need government to step up and force industry to do the right thing.'

Children who were 'barely out of weaning' were going to hospital for multiple tooth extractions, Mr Crouch told the BBC.

'It's obviously not all down to these pouches,' he added. 'But clearly, regular use and feeding with these pouches with such high levels of sugar cause serious problems to the general health of children as they're growing up.'

Pouches that do not contain added sugar may contain up to four teaspoons of 'free sugars' created when fruit is blended.

Last year, an international study found more than 200 branded food products aimed at UK babies and toddlers failed to meet World Health Organisation nutrition and marketing standards, with excessive sugar, salt or calories.

Experts say big brands surround their products with healthy-sounding words and phrases




– known as 'halo marketing' – to trick parents.

Ella's Kitchen, for example, describes savoury products as 'perfectly balanced for growing babies', while Piccolo claims many pouches are 'packed with goodness'.

Some Little Freddie pouches are branded as 'Good for Brains' and Heinz claims some of its fruit products are 'as nutritionally good as homemade'.

**Mail Online**

# Scientists discover disturbing 'unexpected' side effect of new mRNA jab



Patients given experimental mRNA jabs for HIV have developed an 'unexpected' side-effect needing further investigation, experts say.

About 7 percent of volunteers given the jabs in the trial broke out in an itchy bumpy rash called hives.

While this rash disappeared for some sufferers, over half were still experiencing bouts a year after injection.

Some were still breaking out in hives almost three years after receiving the jab.

Experts analysing the data noted volunteers who suffered the hive reaction were more likely to have received the Moderna mRNA Covid vaccine in the past.

However, they added this finding didn't necessarily mean the two are linked and how and why the new jabs were provoking this reaction remained unclear.

The reaction was seen across a trio of potential HIV jabs manufactured by Moderna with the same mRNA technology famously used in Covid vaccines.

These jabs were tested on a group of 108 HIV-negative volunteers to measure their overall safety.

Volunteers were split into three groups, each receiving one of the three different vaccine formulas.

These groups were then split further into a high-dose or low-dose cohort for a total of six different cohorts.

After the initial injection repeat doses were administered at 12 weeks and then again at 24 weeks.

In their report experts from the University of Pittsburgh found the jabs to be 'generally safe and tolerable'.

However, they noted the hive reaction in seven participants — seen across all three vaccine formulas— was an 'unexpected' result.

Writing in the Annals of Internal Medicine, they said what was causing the hives in some people was unclear.

But they theorised it could be due to a combination of vaccine components, the dosage, and an unknown environmental factor.

The scientists said while mRNA vaccine technology continued to hold great promise, further research was needed into what was causing this hive reaction.

Independent experts, writing in a linked editorial, agreed.

They said that while hives is, overall, a minor ailment it can still contribute to vaccine hesitancy and hinder vaccine uptake.

The experts said more work was needed to understand the mechanisms behind the reaction 'to ultimately promote the safety and uptake of vaccines'.

There is currently no cure for HIV, which affects approximately 100,000 Britons and 1.2million Americans. Although there are prevention drugs, they need to be taken daily.

A vaccine that offers lifetime protection from the virus would be a breakthrough for the disease that has claimed millions of lives.

But despite 40 years of research since HIV was first identified, a vaccine has been elusive, with half-a-dozen real-world trials repeatedly failing to deliver on initial results.

HIV is a virus that damages the cells in your immune system and weakens your ability to fight everyday infections and disease.

**Mail Online**

# MILITARY

## ရေထဲအထိဆင်းပြီး ရန်သူများကိုချေမှုန်းမယ့် ရေပေါ်သံချပ်ကာယာဉ်

တင့်တွေ၊ သံချပ်ကာယာဉ်တွေထဲမှာ ရေထဲဆင်းပြီးသွားနိုင်တဲ့အမျိုးအစားတွေ များစွာရှိပါတယ်။ ကုန်း၊ရေနှစ်သွယ်သွား တင့်နဲ့သံချပ်ကာပုံစံတွေပေါ့။ ဒီလိုမျိုးတင့်တွေ၊ သံချပ်ကာယာဉ်တွေကို ကမ်းတက်တိုက်ပွဲတွေမှာသာ အများဆုံးအသုံးပြုတာပါ။ အခုတရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ဒုံးကျည်စနစ်တင်ထားတဲ့ ရေပေါ်သံချပ်ကာယာဉ်တစ်မျိုးကို လက်တွေ့စမ်းသပ်မှုတွေလုပ်ခဲ့တာတွေ့ရပါတယ်။

အဲဒီစနစ်မှာ ZTD-05 လို့ခေါ်တဲ့ ကုန်းရေနှစ်သွယ်သွား တိုက်ခိုက်ရေးယာဉ်နဲ့ HJ-10 လို့ခေါ်တဲ့ တင့်ဖျက်ဒုံးကျည်စနစ်တို့ပါဝင်ပါတယ်။ တင့်ဖျက်ဒုံးကျည်စနစ်ကို တိုက်ခိုက်ရေးယာဉ်ပေါ်မှာတင်ထားတာပါ။ တင့်ဖျက်ဒုံးကျည်စနစ်နှစ်ခုပါဝင်တဲ့အတွက် ဒုံးကျည် ၁၂ စင်းကိုပစ်လွှတ်နိုင်စေမှာဖြစ်ပါတယ်။

တရုတ်တပ်မတော်အနေနဲ့ ဒီလိုနည်းလမ်းအသုံးပြုမှုကို မကြာသေးမီကလုပ်ဆောင်တဲ့ ကမ်းရိုးတန်းဒေသစစ်ဆင်ရေးလက်တွေ့လေ့ကျင့်ခန်းတွေမှာ တွေ့မြင်လာရတာဖြစ်ပါတယ်။ ဒါဟာ တရုတ်တပ်မတော်ရဲ့ ကမ်းရိုးတန်းတိုက်ပွဲစစ်နည်းဗျူဟာပြောင်းလဲမှုကိုဖော်ထုတ်ပြသနေသလို တိကျမှုမြင့်မားတဲ့တိုက်ခိုက်ရေးစွမ်းရည်ကို ကုန်းရေနှစ်သွယ်သွားသံချပ်ကာယာဉ်ပေါ်တင်ပြီး ပေါင်းစပ်အသုံးပြုလာတဲ့ပုံစံဖြစ်ပါတယ်။ ဒါ့အပြင် သမားရိုးကျပုံစံမှသည် ဘက်စုံသုံးကုန်း၊ရေနှစ်သွယ်သွားတိုက်ခိုက်ရေးပလက်ဖောင်းအဖြစ်ပြောင်းလဲလိုက်ခြင်းဖြစ်ပါတယ်။ **Ref: IE**

**K.H**



## အကြိမ်ရေ ၁၀၀၀၀ အထိကို မရပ်မနားပစ်မယ့် မိုက်ခရိုဝေ့သေနတ်

မိုက်ခရိုဝေ့သေနတ်ဆိုတာ ဒရုန်းတွေ၊ ဒုံးကျည်တွေ၊ လေယာဉ်တွေကိုသာမက ကမ္ဘာပတ်လမ်းအနိမ့်ထဲမှာလှည့်ပတ်နေကြတဲ့ ဂြိုဟ်တုများကိုတောင်မှ ဖျက်ဆီးနိုင်စွမ်းရှိတဲ့ လက်နက်စနစ်တစ်မျိုးဖြစ်ပါတယ်။ အထူးသဖြင့် လျှပ်စစ်ပစ္စည်းတွေကိုအသုံးမပြုနိုင်တော့အောင်လုပ်ဆောင်တဲ့ပုံစံမျိုးနဲ့ ဒရုန်းတွေ၊ ဒုံးကျည်တွေ၊ လေယာဉ်တွေကို ပျက်စီးစေတာပါ။

အခု တရုတ်သိပ္ပံပညာရှင်များက မိုက်ခရိုဝေ့သေနတ်တစ်မျိုးကို တီထွင်လိုက်ပါတယ်။ အဲဒီသေနတ်က ယခင်ထုတ်ဖော်ပြသထားတဲ့ မိုက်ခရိုဝေ့သေနတ်တွေထက်အဆများစွာသာလွန်ပြီး အကြိမ်ရေ ၁၀၀၀၀ ကို မရပ်မနားပစ်ခတ်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ ဒါ့အပြင် သူတို့ရဲ့မိုက်ခရိုဝေ့သေနတ်ဟာ တစ်စက္ကန့်ကိုလှိုင်းပေါင်း ၁၀ ခုကနေ ၃၀ အထိထုတ်လွှတ်နိုင်တယ်လို့ အနောက်မြောက်ပိုင်းနျူကလီးယားနည်းပညာတက္ကသိုလ်မှသုတေသီများကအတည်ပြုထားပါတယ်။

တရုတ်ပညာရှင်များတီထွင်ထားတဲ့ မိုက်ခရိုဝေ့သေနတ်နဲ့ပတ်သက်ပြီး တိကျတဲ့အသေးစိတ်အချက်အလက်တွေမသိရပေမယ့်လည်း အမေရိကန်နဲ့နှိုင်းယှဉ်ရင်တော့ တရုတ်ကသာလွန်သွားတာကိုတွေ့ရပါတယ်။ **Ref: IE**

**K.H**



# INNOVATION

## ဟိုက်ဒရိုဂျင်ဘက်ထရီများရဲ့သက်တမ်းကို နာရီပေါင်း ၂ သိန်းကျော်ပိုခံစေမယ့် ဓာတ်ကူပစ္စည်း




အမေရိကန်နိုင်ငံရှိ သိပ္ပံပညာရှင်များက လောင်စာဓာတ်ကူပစ္စည်းအသစ်တစ်မျိုးကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ အဲဒီဓာတ်ကူပစ္စည်းက ဟိုက်ဒရိုဂျင်ဘက်ထရီများရဲ့သက်တမ်းကို နာရီပေါင်း ၂ သိန်းကျော်အထိ ပိုမိုရှည်ကြာစေမယ်လို့ဆိုပါတယ်။ ဒီပစ္စည်းကိုထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်က သန့်ရှင်းစွမ်းအင်ကို ရေရှည်အသုံးပြုနိုင်စေဖို့အတွက်ဖြစ်တယ်လို့ဆိုပါတယ်။

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ကုန်ကြမ်းပစ္စည်းဆိုင်ရာသိပ္ပံပါမောက္ခယုဟွမ်က ပလက်တီနမ်စစ်စစ်ကို ဂရပ်ဖင်းနဲ့ အပေါ်လွှာတစ်ထပ်အုပ်ပြီး စိမ့်ဝင်နိုင်တဲ့ ကာဗွန်နဲ့ပံ့ပိုးပေးထားတဲ့ ဓာတ်ကူပစ္စည်းကိုတီထွင်ဖန်တီးလိုက်တာပါ။ အဲဒီဓာတ်ကူပစ္စည်းက ထရပ်ကားကြီးတွေအတွက် သတ်မှတ်ထားတဲ့ နာရီပေါင်း ၃၀၀၀၀ ထက် ဘက်ထရီသက်တမ်းကို ခုနစ်ဆပိုခံစေမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## စွမ်းအင်သိပ်သည်းဆပိုများတဲ့ Stellantis ရဲ့ဘက်ထရီ



Stellantis ဆိုတာ မော်တော်ကားတွေထုတ်လုပ်တဲ့ကုမ္ပဏီကြီးတစ်ခုပါ။ အခုသူတို့က တက်သစ်စ ဘက်ထရီနည်းပညာကုမ္ပဏီဖြစ်တဲ့ Factorial Energy နဲ့ ပူးပေါင်းပြီး ဘက်ထရီအမျိုးအစားအသစ်တစ်မျိုးကို ထုတ်လုပ်ကာလက်တွေ့စမ်းသပ်လိုက်ပါတယ်။

သူတို့ထုတ်လုပ်လိုက်တဲ့ဘက်ထရီမျိုးက သမားရိုးကျ လီသီယံအိုင်းယွန်းဘက်ထရီတွေမှာသုံးတဲ့ အရည်ကိုအသုံးပြုထားတာမျိုးမဟုတ်ဘဲ ဂျယ်ပုံစံကုန်ကြမ်းပစ္စည်းကိုအသုံးပြုထားတဲ့ တစ်ပိုင်းဘက်ထရီခြောက်ပုံစံပါ။ အဲဒီဘက်ထရီရဲ့ စွမ်းအင်သိပ်သည်းဆက ၁ ကီလိုဂရမ်မှာ ၃၇၅ ဝပ်နာရီရှိပါတယ်။ ဒီပမာဏက သူ့ကိုတပ်ဆင်ထားတဲ့ မော်တော်ယာဉ်အနေနဲ့ ခရီးဝေးကိုပိုမိုသွားနိုင်တယ်လို့ဆိုလိုတာဖြစ်ပါတယ်။ ဒါ့အပြင် အားသွင်းတာကိုလည်း ပိုမိုမြန်ဆန်စေတယ်လို့ဆိုပြန်ပါတယ်။ လက်ရှိ EV ကားတွေမှာ ၂၀၀ မှ ၃၀၀ ဝပ်နာရီရှိတဲ့ဘက်ထရီတွေကို အသုံးပြုနေတာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## ကမ္ဘာ့ပထမဆုံး ရွေ့လျားနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ



ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့ပထမဆုံး ရွေ့လျားနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံကို ဖန်တီးလိုက်ပါတယ်။ သူတို့က အဲဒီဓာတ်အားပေးစက်ရုံကို မီးရထားပေါ်တင်ထားတာပါ။


သူတို့ရဲ့ဓာတ်အားပေးစက်ရုံမှာ ၃၈၅ ဝပ်ထွက်ရှိတဲ့ ဆိုလာပြားအချပ်ရေ ၄၈ ချပ်ကိုတပ်ဆင်ထားတဲ့အတွက် တစ်နှစ်ကို လျှပ်စစ်ဓာတ်အား ၁၆ မဂ္ဂါဝပ်နာရီ ထုတ်လုပ်ပေးနိုင်မယ်လို့ဆိုပါတယ်။ သူ့ဆီကနေထွက်လာတဲ့ လျှပ်စစ်ဓာတ်အားတွေကိုတော့ ရထားသံလမ်းအနီးမှာရှိတဲ့ ဓာတ်အားလိုင်းထဲပို့လွှတ်မှာပါ။

အခုလိုမျိုး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ရထားပေါ်တင်ဆောင်အသုံးပြုခြင်းအားဖြင့် နောင်တစ်ချိန်ကျရင် မီးရထားတွေကလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့အရာတွေဖြစ်လာစေပြီး ကိုယ့်စွမ်းအင်နဲ့ကိုယ် လည်ပတ်နိုင်စေဖို့အထိရည်ရွယ်ထားတာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်




**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.union-supremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့်စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူများပါ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာ စာအုပ်၌ ဖော်ပြထားပါသည်။ အဆိုပါဆောင်ရွက်ချက်များတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် အမှုများ၏ ၁၀၃% ကို စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၂၇) တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမျိုးသားအဆင့် မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘဏ်အပေါင်မှုများကို အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများပြန်လည်ရရှိစေရေးအတွက် အထူးကိစ္စရပ်အနေဖြင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာမှုခင်းများ စစ်ဆေးစီရင်ရာတွင် ထိရောက်မှုရှိစေသည့် လုပ်ထုံးလုပ်နည်းအသစ်များ ရေးဆွဲနိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ နည်းပညာအသုံးပြုမှုကဏ္ဍ တိုးမြှင့်မှုအနေဖြင့် နိုင်ငံတစ်ဝန်းရှိတရားရုံးများတွင် အမှုလိုက်ပါ ဆောင်ရွက်ကြသည့် ရှေ့နေတစ်ဦးချင်းစီ၏ အချက်အလက်များကို လွယ်ကူစွာစီမံခန့်ခွဲနိုင်သည့် ရှေ့နေရှေ့ရပ်စီမံခန့်ခွဲရေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းများအပါအဝင် တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဤအစီရင်ခံစာ စာအုပ်တွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်၏ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အလွယ်တကူဖတ်ရှုသိရှိနိုင်မည်ဖြစ်ပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

(သတင်းစဉ်)

# ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ခေါင်းစဉ်ဖြင့် နိုင်ငံရေးပါတီ လေးပါတီမှ ဦးဆောင်၍ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် Orchid ဟိုတယ်၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့မှအမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်းဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး "ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့" ခေါင်းစဉ်ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဗဟိုအလုပ်အမှုဆောင် ဦးလှသိန်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးမှုအကြောင်းအရာများအပေါ် တက်ရောက်လာကြသည့်မီဒီယာများနှင့် စိတ်ပါဝင်စားသူများကမေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယနေ့ဆွေးနွေးပွဲတွင်ဦးဆောင်ဆွေးနွေးသူများကနိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် နိုင်ငံသားအချင်းချင်းဆွေးနွေးညှိနှိုင်းအဖြေရှာမှုများမှတစ်ဆင့်ငြိမ်းချမ်းရေးရရှိခဲ့သောသာဓကများ၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တပ်မတော်၊ ပြည်သူနှင့်တိုင်းရင်းသားလက်နက်ကိုင်များ၏ ခံယူချက်၊ သဘောထားများအရေးကြီးမှု၊ လာမည့်ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပစ်ခတ်တိုက်ခတ်မှုများချုပ်ငြိမ်းပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ တပ်မတော်အင်အားတောင့်တင်းခိုင်မာရန် နိုင်ငံရေးပါတီများနှင့် မီဒီယာများက ပြည်သူအား သတင်းမှန်၊ ဖြစ်ရပ်မှန်များကို အသိပေးရေး၊ မီဒီယာနှင့်နိုင်ငံပါတီများက တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ယုံကြည်ချက်၊ ခံယူချက်ကောင်းမွန်ရန်လိုအပ်မှု၊ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့်လက်ရှိကာလ ပထဝီနိုင်ငံရေးဆိုင်ရာများပေါ်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သို့လုပ်ဆောင်ရမည်စသည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိသာထင်ရှားသော အောင်မြင်မှုမျိုး မတွေ့ရသည့်အချိန်တွင် နိုင်ငံရေးအသိအမြင်ပြည့်ဝသော နိုင်ငံရေးသမားများ၏ အထောက်အကူသည် အဓိကလိုအပ်ချက်ဖြစ်လာကြောင်း၊ ယခုလိုပွဲမျိုးမှ ပြည်သူတို့ထံ နိုင်ငံရေးဗဟုသုတများပေးနိုင်စေရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသည့် ငလျင်ဘေးဒဏ်ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှုကို နိုင်ငံတော်က ထပ်မံတိုးမြှင့်ရပ်စဲထားခဲ့ကြောင်း၊ ထာဝရပစ်ခတ်ရပ်စဲမှုတွင် လက်နက်ကိုင်လမ်းစဉ်သည် ပြည်သူကိုအထိနာမှုအများဆုံးဖြစ်ပေါ်စေ၍ ယခုဆွေးနွေးပွဲမှ အသိတစ်ခုရရှိကာ ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားစေလိုကြောင်း၊ ထာဝရပစ်ခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေး စကားရပ်နှင့် လျော်ညီသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုကိုရှေးရှု၍ ပြည်သူလူထု၏ဘဝများကို စာနာစိတ်၊ ဂရုဏာထောက်ထားကာ ရွေးကောက်ပွဲမှ နိုင်ငံရေးကိုအဖြေရှာသော နည်းလမ်းကိုသွားစေလိုကြောင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ အပါအဝင် ရန်ကုန်အခြေစိုက်နိုင်ငံရေးပါတီ ၁၂ ခုမှ တာဝန်ရှိသူများ၊ လေ့လာသူများနှင့်မီဒီယာများ တက်ရောက်ခဲ့ကြသည်။




(မဝ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "ပန်းဆု@user4277348004554" TikTok၊ "အသဲကွဲသူမလာရ@user8882909–630503" TikTok ၊ "Nay Myo Tun" Facebook အကောင့်များပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ရေလယ်ကုန်းကျေးရွာနေ နန်းမူအား မွန်းလွဲ ၂ နာရီခွဲတွင် ကော့ကရိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# တိုးတက်မွေးမြူထုတ်လုပ်ပေး အသားတိုးဝက်မွေးမြူရေး

အောင်သူရိန်
(လယ်ဝေး)

မြန်မာနိုင်ငံနေရာအနှံ့အပြားရှိ မြို့ပြ၊ ကျေးလက်ဒေသများတွင် မွေးမြူရေး လုပ်ငန်းများကို ယခင်က မိရိုးဖလာ မွေးမြူရေးအနေဖြင့် မွေးမြူကြရာမှ ယခုအခါ စနစ်တကျမွေးမြူလုပ်ကိုင် ဆောင်ရွက်လာကြသည်။ ဝက်မွေးမြူရေး လုပ်ငန်းကို မိသားစုစားဝတ်နေရေး အတွက် လုပ်ကိုင်နေသော လုပ်ငန်းများ အဖြစ်မှ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း များ၊ စီးပွားဖြစ်ဝက်မွေးမြူရေးလုပ်ငန်းများ အဖြစ် လုပ်ကိုင်လာကြသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၈၉ ရာခိုင်နှုန်းသည် ဝက်သား စားသုံးကြသည့်အတွက် တိုးတက် လာသောလူဦးရေနှင့် ဝက်သားစားသုံးမှု ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝက် မွေးမြူရေးကို တိုးချဲ့မွေးမြူရန်လိုအပ် လျက်ရှိပေသည်။


"သဗ္ဗေသတ္တာ အာဟာရသုခိတာ" ဆိုသည့်အတိုင်း လူသားတို့ အာဟာရ ပြည့်ဝစွာ စားသုံးနိုင်ပြီး သက်ရှည် ကျန်းမာရန်အတွက် အသားကဏ္ဍလိုအပ် ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်ပေ သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ဝက်မွေးမြူရေး လုပ်ငန်းသည်လည်း ဈေးကွက်လိုအပ်ချက် နှင့်အညီ တိုးတက်ဖော်ဆောင်ထုတ်လုပ် လာကြပြီဖြစ်သည်။

ဝက်မွေးမြူရေးလုပ်ငန်းတွင် ယခင်က အာဟာရဗေဒ သဘောတရားအရ ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ (Nutrition Factor) များကို မသိရှိကြသောကြောင့် ဖွံ့ဖြိုးမှုနှေးကွေးကာ ဝက်တစ်သုတ်လျှင် အချိန်အကြာကြီးမွေး၍ ကျွေးမွေးရပြီး တွက်ခြေမကိုက်ဖြစ်ရသည်။ ယခုအခါ ဝက်မျိုးကောင်းမျိုးသန့်များကို အာဟာရ ပြည့်ဝသောအစာများကျွေး၍ အချိန်တို အတွင်းရောင်းချနိုင်အောင်၊ အကျိုးအမြတ် ရရှိအောင် မွေးမြူလာကြသည်။ မည်မျှ ရင်း၍မည်မျှမြတ်မည်၊ ဘယ်နှလမွေးလျှင် ဘယ်လောက်အမြတ်ရနိုင်မည် စသည့် အချက်များကိုပါ ထည့်တွက်စဉ်းစား မွေးမြူ၍ စီးပွားရေးအကျိုးအမြတ်ကို ကြည့်လာကြသည်။ အောင်မြင်သော ဝက်မွေးမြူရေးခြံတစ်ခြံဖြစ်ရန်အတွက် အောက်ဖော်ပြပါအချက်များကို အထူး အလေးထားဆောင်ရွက်ရမည်-

(၁) မြေနေရာရွေးချယ်မှုနှင့် ခြံတည် ဆောက်ပုံစနစ်ကျခြင်း
(၂) မျိုးကောင်းမျိုးသန့် ရွေးချယ် မွေးမြူခြင်း
(၃) မွေးမြူရေးနည်းစနစ်မှန်ကန်မှုရှိ ခြင်း
(၄) အာဟာရပြည့်ဝသည့်အစာကျွေး မွေးခြင်း
(၅) ရောဂါကြိုတင်ကာကွယ်ခြင်း
(၆) ဈေးကွက်ရှာဖွေခြင်း

စသည့်အချက်များကို သေချာစွာဂရုစိုက် ပြုလုပ်ဆောင်ရွက်ပါက အောင်မြင်ဖြစ် ထွန်းသော မွေးမြူရေးလုပ်ငန်းဖြစ်လာ မည်ဖြစ်သည်။ ဝက်ခြံအဆောက်အအုံ၊ အစာခွက်၊ ရေခွက်များအား သန့်ရှင်း အောင်ထား၍ မွေးမြူထားသော ဝက် ကောင်ရေအတွက် လုံလောက်သော အစာခွက်၊ ရေခွက်ထားပေးရမည်။ ဝက် များကို အသက်အရွယ်အစုံ၊ အကြီး အငယ်ဆိုဒ်စုံထား၍ မမွေးရပါ။ အသက် ညီသော၊ အရွယ်ညီသော ဝက်များကိုသာ ထည့်သွင်း၍မွေးမြူရပါမည်။

ကျန်းမာရေးစောင့်ရှောက်မှု စီမံ ခန့်ခွဲမှုကောင်းမွန်ပါက ရောဂါအန္တရာယ် နည်းပါး၍ ကြီးထွားနှုန်းမြန်မည်ဖြစ် သည်။ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်း ၍ စီမံခန့်ခွဲမှုညံ့ပါက ဝက်များဒဏ်ပိ၍ ကိုယ်ခံစွမ်းအားကျဆင်းပြီး ကူးစက် ရောဂါများဖြစ်ပွားရန် အခွင့်အလမ်းများ ပိုများမည်ဖြစ်သည်။



ကြိုတင်ကာကွယ်ဆေးကို ပုံမှန်ထိုးနှံ ပေးရမည်။ လုံလောက်သောအစာ အာဟာရ အပြည့်အဝကျွေးမွေးပေးရ မည်။ ဝက်မကြီးများသားပေါက်ချိန်တွင် ဝက်မကြီးမပိမိစေရန် အထူးဂရုစိုက်ရ မည်၊ နှာခေါင်းနှင့် ပါးစပ်တွင်ပိတ်မိနေသော ရေအိတ်အမြှေးပါးကြောင့် အသက်ရှူ ကျပ်ကာ အသက်ရှူမဝဘဲ ဝက်ငယ် ကလေးများ သေဆုံးတတ်သည့်အတွက် ရေမြွှာအိတ်အမြှေးပါးများကို အဝတ်သန့် ဖြင့် ဖယ်ရှားသန့်စင်ပေးရမည်၊ ရင်ဘတ်ကို လက်ဖြင့်ပုတ်ပြီး အသက်ရှူအောင် ဖြည်းဖြည်းမှန်မှန်ဖိပေးပုတ်ပေးရမည်၊ ဝက်ကလေးများချက်ကြိုးပြတ်၍သွေးထွက် နေပါက Gental Violent မင်ပြာဖျန်းဆေး သို့မဟုတ် Septidine၊ တင်ချာအိုင်အိုဒင်း ဆေးရည်ဖြင့် သုတ်လိမ်းပေးရမည်။

ဝက်ပေါက်ကလေးများတွင် ချွန်ထက် သောသွားများ ပါရှိလာသည့်အတွက် မိခင်၏နို့အား မကိုက်မိစေရန်နှင့် နို့အုံ အနာမဖြစ်စေရန်အတွက် သွားများကို ဖြတ်ပေးရမည်။ ဝက်များသည် လှုပ်ရှားနေ သော အမြီးများကိုကိုက်တတ်သဖြင့် အမြီးကိုအရင်းမှတစ်လက်မသာချန်၍ ဖြတ်ပေးရမည်။

သားပေါက်၍ မွေးဖွားပြီးခါစ ဝက်မကြီးများ၏ နို့ဦးရည်တွင် တန်ဖိုး ရှိသော ပဋိပစ္စည်းပါဝင်သည့်အတွက် မွေးစဝက်ငယ်လေးများအား နို့ဦးရည်ကို မဖြစ်မနေတိုက်ပေးရမည်။ မွေးပြီး ၂၄ နာရီအတွင်း နို့ဦးရည်ကို မဖြစ်မနေတိုက် ပေးရမည်။ ဝက်ငယ်ကလေးများသည် အအေးဒဏ်ကို မခံနိုင်သည့်အတွက် နွေးနွေးထွေးထွေးထားပေးရမည်။ နို့ပေး ဝက်မကြီးများသည် တစ်လအထိသာ နို့ကောင်းကောင်းပေးနိုင်ပြီး တစ်လကျော် သွားလျှင် နို့ထွက်နည်းသွားသည်။ ဝက် ကလေးများကြီးထွားဖွံ့ဖြိုးရန် အာဟာရ ပိုပြီးလိုအပ်သည့်အတွက် ဝက်ငယ်ကလေး များ နှစ်ပတ်သားအရွယ်မှစ၍ အစာစား တတ်ရန် လေ့ကျင့်ပေးရမည်။

ဝက်ငယ်ကလေးများ တစ်လသား အရွယ်တွင် သားခွဲပေးနိုင်ပါက ဝက်မကြီး သည် စောစောမြိုင်ပြန်လာကာ သား တောင်း၍ စောစောသားပေါက်နိုင်သည်။ သားပေါက်ကြိမ်ရေတိုးလာသောကြောင့် ဝက်သားပေါက်ပိုမိုရရှိကာ စီးပွားရေးအရ တွက်ခြေပိုကိုက်သည်။

အသားတိုးဝက်မွေးမြူရန်အတွက် နို့ခွဲဝက်ငယ်လေးများကို ရွေးချယ်ရာတွင် ကနဦးအရေးကြီးဆုံးအချက်မှာ မျိုးဝက်မ၊ ဝက်သိုးများ၏ မျိုးရိုးဗီဇနှင့် ကြီးထွား နှုန်းစံချိန် မီ၊ မမီ လေ့လာသုံးသပ်ပြီးမှ ရွေးချယ်ဝယ်ယူမွေးမြူလျှင် အကောင်းဆုံး ဖြစ်သည်။

ခန္ဓာကိုယ် တည်ဆောက်မှုအပေါ် အခြေခံရွေးချယ်ရာတွင် ပခုံးနှင့်တင်ပါးတွင် ခန္ဓာကိုယ်အသားအစိုင်အခဲ ထင်ရှားသော ဝက်ကလေးများကို ရွေးချယ်မွေးမြူရမည်၊ သွားလာမှု ဖျတ်လတ်ခြင်း၊ ပတ်ဝန်းကျင် အပေါ်တွင် စိတ်ဝင်စားမှုရှိခြင်းသည် ကျန်းမာသောလက္ခဏာဖြစ်သည့်အတွက် ဝက်ကလေးများ၏ လှုပ်ရှားမှုကိုကြည့်၍ လည်း ရွေးချယ်မွေးမြူရမည်။ လှုပ်ရှားမှု နှေးကွေးပြီး အမြီးတွဲလောင်းကျနေသော ဝက်ကို မရွေးချယ်သင့်ပေ။ သားပေါက် တစ်အုပ်အတွင်း ညှက်၍ကျန်ခဲ့သော အုပ်ညှက်ဝက်ကို ဘယ်သောအခါမှမမွေး သင့်ပါ။

ဝက်ကလေးများတွင် ကျောပြင်ကျယ်၍ ခါးလျားရှည်ခြင်း၊ ရင်အုပ်ကား၍ မေးရိုး ခိုင်မာမှုရှိခြင်း၊ ပခုံး၊ တင်ပါးအသား ထင်ထင်ရှားရှားရှိခြင်းသည် ဝက်ငယ် ကလေးများကြီးထွားနှုန်းကောင်းမည့် လက္ခဏာရပ်များဖြစ်သည်။ အရေပြား ပေါ်တွင် အနာများရှိခြင်း၊ မျက်ဝတ်ထွက် ခြင်း၊ ဝမ်းပျက်ဝမ်းသွားခြင်းများသည် နောင်တစ်ချိန်တွင် ကြီးထွားနှုန်းကို ထိခိုက်စေနိုင်သည့်အချက်များဖြစ်သည်။

အသားတိုးဝက်မွေးမြူရာတွင် ဝက်ထီး ကို ဝက်မထက် ပို၍နှစ်သက်ရွေးချယ် ဝယ်ယူမွေးမြူလေ့ရှိကြသည်။ ဝက်မ များသည် ခြောက်လအထိ ကြီးထွားနှုန်း မြန်ပြီး မြိုင်ပေါ်ပါက အစာစားပျက်၍ ပိန်ပြီး ကြီးထွားနှုန်းကျသွားတတ်သည့် အတွက်ဖြစ်သည်။

မျိုးဝက်မရွေးချယ်ရာတွင် အသားတိုး ဝက်နှင့် မျိုးဝက်မရွေးချယ်ရခြင်းများ ဆင်တူသည်။ မျိုးပွားရန်အတွက် ရွေးချယ် ရခြင်းကြောင့် ပြင်ပလိင်အင်္ဂါဖွံ့ဖြိုးမှု၊ မျိုးရိုးဗီဇစသည့်အချက်အလက်များကို အဓိကထားရွေးချယ်ရမည်။ ဝက်မ၏နို့အုံ ဖွံ့ဖြိုးမှုရှိ၍ နို့အုံ၌နို့သီးအနည်းဆုံး ၁၂ လုံးနှင့် အထက်ရှိရမည်။ နို့သီးအရွယ်ညီ၍ အကွာအဝေးညီရမည်။ နို့သီးခေါင်းများ ပေါ်လွင်ထင်ရှားနေရမည်။ ချိုင့်ပြီးအတွင်း သို့ဝင်နေသော နို့သီး( နို့ပါးစပ်)ပါရှိသော ဝက်မများကို မျိုးအဖြစ်မရွေးချယ်ရပါ။ ဝက်မကြီး၏မျိုးရိုး၊ သားပေါက်နှုန်း ကောင်းခြင်း၊ နို့ပေးနှုန်းကောင်းခြင်း၊ ဝက်ငယ်ကလေးများအား ထိန်းသိမ်း စောင့်ရှောက်မှုကောင်းခြင်း၊ ကြီးထွား ဖွံ့ဖြိုးမှုကောင်းခြင်း၊ သားထိန်းကောင်း ခြင်း စသည့်အမူအကျင့်လက္ခဏာများ ကိုလည်း သေချာလေ့လာ၍ မျိုးဝက်မ ကို ရွေးချယ်မွေးမြူရမည်။ သားလျှော၊ သားပျက်တတ်သောရာဇဝင်နှင့် အသေ မွေးဖွားဖူးသော ဝက်မမှပေါက်ဖွား လာသော ဝက်မများကို မျိုးဝက်မအဖြစ် မရွေးချယ်ရပါ။ သားစဉ်မြေးဆက်အထိ ရောဂါသဏ္ဍာန်လက္ခဏာပါလာတတ်သည့် အတွက် မျိုးဝက်မအဖြစ် မရွေးချယ်သင့်ပါ။

မျိုးဝက်မအဖြစ် ရွေးချယ်ရာတွင် မိခင်ကိုစံနှုန်းထားပြီး အလားအလာရှိနိုင် သည့် အချက်အလက်များကို ထည့်သွင်း စဉ်းစားရွေးချယ်သင့်ပေသည်။ သားပေါက် နှုန်း၊ နို့ထွက်နှုန်း၊ ဝက်ငယ်ကလေးများ ထိန်းသိမ်းနှုန်း(သားထိန်းနှုန်း)ကောင်း သည့် ဝက်မ၏ဗီဇသည် ၎င်း၏သမီး ဝက်ကလေးထံသို့လည်း ဆက်လက် ဆင်းသက်လက်ဆင့်ကမ်းသွားမည်ဖြစ် သောကြောင့်ဖြစ်သည်။

မျိုးဝက်မသည် အသက်ရှစ်လမှ ၁၀ လ အရွယ်တွင် သားပေါက်သည်။ ဝက်မမြိုင် လာရက် (သားတောင်းရက်) သည် တစ်ကြိမ်နှင့်တစ်ကြိမ် ၂၁ ရက်ကြာ မြင့်သည်။ မြိုင်ပေါ်ကာလသည် သုံးရက်မှ ငါးရက်အထိကြာတတ်သည်။ မျိုးဝက်မကို ပထမအကြိမ်မြိုင်လာချိန် (သားတောင်း ချိန်)တွင် သားမတင်သင့်ပါ။ ပထမ အကြိမ်သားတောင်းချိန်တွင် သားဥ ကြွေနှုန်းနည်း၍ သားပေါက်ကောင်ရေ နည်းတတ်သောကြောင့်ဖြစ်သည်။ ဝက်မတမ်းဝက်မကို တတိယအကြိမ် သားတောင်းမြိုင်လာမှ သားတင်လျှင် သားပေါက်ကောင်ရေ အများဆုံးရရှိ နိုင်ပေသည်။ ဝက်မတစ်ကောင်၏ ကိုယ် ဝန်ဆောင်ကာလသည် သုံးလ သုံးပတ် သုံးရက် စုစုပေါင်း ၁၁၄ ရက်ဖြစ်၍ တစ်နှစ် လျှင် အနည်းဆုံးနှစ်သားနှင့် တစ်ဗိုက် သားပေါက်၍ ကိုယ်ဝန်ဆောင်နိုင်ပေသည်။

သားတင်ပြီး မျိုးပွားမည့်ဝက်မကလေး များကို နို့စို့စဉ်တစ်ပတ်သားမှစ၍ အစာစား လေ့ကျင့်ပေးရမည်။ သုံးလသားအရွယ် အထိ အစာကိုဝဝလင်လင်ကျွေးမွေးပေး ရမည်။ သုံးလသားအရွယ်မှစ၍ ပထမ မြိုင်ပေါ်သည်အထိ ခန္ဓာကိုယ်အဆီမပိုစေ ရန်အတွက် ပုံမှန်ကျွေးနေကျအစာ၏ ၇၅ ရာခိုင်နှုန်းသာ ကျွေးပေးရမည်။ ပထမ မြိုင်ပေါ်ပြီးနောက်အစာကိုအဝပြန်ကျွေး၍ ဒုတိယမြိုင်ကို လွှတ်၍ တတိယမြိုင် ပေါ်မှသာ သားတင်လျှင် သားပေါက်နှုန်း ကောင်းကောင်းရမည်ဖြစ်ပေသည်။

ဝက်မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ဝက်မကောင်းရရှိရန် လိုအပ်သကဲ့သို့ မျိုးဝက်သိုးကောင်းလည်း ရရှိရန်လိုအပ် သည်။ မိဘများမှ သားသမီးများဆီသို့ မျိုးရိုးဗီဇကောင်းများ ထပ်ဆင့်ဖြန့်ဖြူးရာ တွင် ဝက်သိုး၏စွမ်းဆောင်ရည်မှာ ဝက်မ ထက်သာလွန်ကောင်းမွန်သည့်အတွက် ဝက်သိုးရွေးချယ်မှုသည်လည်း အရေးကြီး ပေသည်။ **စာမျက်နှာ ၂၆ သို့** ■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၈၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| 95 Ron | ၂၈၆၅ | ၂၉၇၅ | ၂၉၄၅ | ၂၈၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၆၀ | ၃၂၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၁၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၁၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **မျိုးဆက်သစ်ဝံသာနုပါတီ** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၃ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၇၃ ပါတီ ရှိပြီဖြစ်သည်။

ယခု လျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာနေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# နေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား အစရှိသည့် စားသောက်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ၃၀ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း လျောင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၀ ရက်မြောက်အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၂၉ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ လယ်ဝေးမြို့ယာယီကယ်ဆယ်ရေးစခန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တပ်ကုန်းမြို့ရှိ ခုတင်(၁၀၀) ဆေးရုံ၊ နေပြည်တော်ကောင်စီဝင်းအတွင်းရှိ တိုင်းခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တိုင်းရုံးနှင့် ရဲတပ်ရင်းများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၉၉၀၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၈၈ အိတ်၊ ဆီပိသာ ၂၉၅၂၀၊ ဆားပိသာ ၁၄၉၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၂၇၉ ထုပ်၊ ငါးပိ ၂၇၇ ပိသာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိသာ၊ ငါးတန်ပိသာ ၄၀၊ ငါးမုတ်ပိသာ ၃၀ နှင့်ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၉၄ အိတ်၊ စားအုန်းဆီ ၄၇၄၅ ပိသာ၊ ဆား ၅၇ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၉၄ ဘူး၊ ငါးပိ ၁၈ ပိသာ၊ ကြက်သွန်နီ ၅၄၈ ပိသာ၊ အသားတု ၂၄ ပိသာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၈၀ အိတ်၊ စားအုန်းဆီ ပိသာ ၅၅၀၀၀၊ ဆား ၁၀၅ ပိသာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၆ ထုပ်၊ ငါးပိ ပိသာ ၈၀၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ **စာမျက်နှာ ၂၅ မှအဆက်**

ဝက်သိုး၏အရိုးအဆစ်နှင့် အကြောများ သန်မာတောင့်တင်းရမည်။ အိပ်နေရာမှမတ်တတ်ရပ်သည့်အခါ သွက်လက်ပေါ့ပါးနေရမည်။ ဝက်သိုးကောင်း၏ လက္ခဏာများမှာ -

(၁) ခြေထောက်လေးချောင်း တောင့်တင်းခိုင်မာမှုရှိရမည်။

(၂) ထိပ်ခင်ကျယ်၍ တင်ပါးနှင့်ပခုံးများ အသားဖွံ့ဖြိုးပြီး အသားအစိုင်အခဲပေါ်လွင်ရမည်။

(၃) ကျောပြင်ကျယ်၍ကျောရိုးသန်မာပြီး ခပ်ခုံးခုံးအနေအထားပေါ်လွင်နေရမည်။

(၄) ဝမ်းဗိုက်ချပ်၍ သိုကပ်နေရမည်။

(၅) ကပ်ပယ်အိတ်နှစ်လုံး အရွယ်ညီ၍ ဖွံ့ဖြိုးမှုရှိရမည်။

အရွယ်ရောက်ပြီး ဝက်သိုးတစ်ကောင်၏ စွမ်းဆောင်ရည်သည် တစ်ရက်ခြားတစ်ကြိမ်သာ အောင်မြင်စွာမိတ်လိုက်နိုင်သည်။ ဝက်သိုးကို နေ့စဉ်ရက်ဆက် မိတ်မလိုက်သင့်ပါ။

ကျွေးမွေးသော အစာအာဟာရကောင်းမှသာ ဝက်များကြီးထွားနှုန်းမြန်ပြီး သားအောင် သားပေါက်နှုန်းကောင်းမွန်မည်ဖြစ်သည်။ ဝက်မွေးမြူရေးတွင် ကုန်ကျစရိတ်အားလုံး၏ ၇၀ ရာခိုင်နှုန်းသည် အစာအတွက်ကုန်ကျစရိတ်ဖြစ်သည်။ ဝက်များသည် အစာမှအသားအဖြစ်သို့ ပြောင်းလဲမှုနှုန်းမြန်၍ ကြီးထွားမြန်တိရစ္ဆာန်များဖြစ်သည်။ ကြီးထွားနှုန်းမြန်ရန်အတွက် လုံလောက်သော အစာအာဟာရပါဝင်သည့်အစာများအား ကျွေးမွေးပေးရန်လိုအပ်သည်။

ဝက်မွေးမြူရေးအတွက် လိုအပ်သော အစာအာဟာရများ-

(၁) ကစီဓာတ် - ပြောင်း၊ ဆန်ကွဲ၊ ဖွဲနု၊ နံ့စားပြောင်း၊ ဂျုံ၊ လူး၊ ဆပ်

(၂) အဆီဓာတ် - ပဲဖတ်၊ နှမ်းဖတ်၊ ပဲပုပ်ဖတ်၊ အုန်းဖတ်၊ ဝါစေ့ကြိတ်ဖတ်၊ နေကြာဖတ်၊ ကြယ်ပဲဖတ်

(၃) အသားဓာတ် - ငါးမှုန့်၊ ပုစွန်ဖွဲ၊ ခရု၊ ကဏန်း၊ တီ၊ ခြ

(၄) ဗီတာမင် - အသီး၊ အရွက်အစိမ်း၊ သစ်မြစ်၊ သစ်ဥ

(၅) သတ္တုဓာတ် - ခရုခွံ၊ ခုံးခွံ၊ ကဏန်းခွံ၊ သစ်ရွက်ခြောက်၊ မြေကြီး

(၆) ရေဓာတ် - သန့်ရှင်းသောရေ

အာဟာရဓာတ်များသည် ကုန်ကြမ်းအမယ်တစ်မျိုးချင်းအလိုက်လည်း ရောနှောပါဝင်နေပေသည်။ စိုက်ပျိုးရေးထွက်သီးနှံများကို မွေးမြူရေးတွင်သုံးစွဲ၍ မွေးမြူရေးထွက်စွန့်ပစ်ပစ္စည်း (ဝက်ချေး၊ နွားချေး၊ ကြက်ချေး) များကို စိုက်ပျိုးရေးတွင် တစ်ဖန်ပြန်လည်အသုံးချခြင်းဖြင့် လူသားတို့အတွက် လိုအပ်သောအစာအာဟာရ၊ စားရေရိက္ခာ၊ အစာကွင်းဆက်၊ အစာသံသရာကို ပြန်လည်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်းအရ ဝက်ကောင်ရေ စုစုပေါင်း ၄၄ ဒသမ ၃ သန်းကျော်ရှိကာ နိုင်ငံလူဦးရေ၏ ၈၉ ရာခိုင်နှုန်းသည်လည်း ဝက်သားစားသုံး၍ ဝက်သားလိုအပ်ချက်ဈေးကွက်သည်လည်း ရှိနေမြဲဖြစ်ပေသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျနည်းစနစ်မှန်မှန်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားပါက စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအဖြစ် ထုတ်လုပ်လာနိုင်ကာ ပိုလျှံသည်များကို ကုန်ချောများ(အေးခဲသား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ ဝက်သားလုံး၊ ဝက်စည်သွတ်ဘူး) စသည်ဖြင့် ထုတ်လုပ်ပြီး ပြည်ပပို့ကုန်ဈေးကွက်ရှာဖွေ၍ ထုတ်လုပ်ရောင်းချကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မွေးမြူရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နေပြည်တော် ဧပြီ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၀၅ ဒသမ ၈၈ သန်းဖြင့် ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ မြေသားလမ်း ၁၃ လမ်း ဂျင်းကျောက်ခင်း၍ မြေသားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် မြေသားထိန်းကျောက်ရိုးနှစ်ဖက်စီခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အဆိုပါလမ်းပိုင်း ၁၃ ခု အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုကြောင့် ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရဟန်းသံဃာတော်များ၊ ဒေသခံပြည်သူများနှင့် မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးလာပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက်ပိုမိုအဆင်ပြေချောမွေ့လာမှုကြောင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပုဂံရှေးဟောင်းစေတီပုထိုးတော်များအား စိတ်လက်ချမ်းသာစွာ သွားလာဖူးမြော်ကြည်ညိုနိုင်သဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ (သတင်းစဉ်)

# တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အောက်ရေကံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ လှည်းကူးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးလျှင်ကြီးလှုပ်ခတ်ပြီးနောက် ဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ်ထိခိုက်ပျက်စီးမှုနှင့် အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးလျှင်ကြီး လှုပ်ခတ်ပြီးနောက် ဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ်ထိခိုက်ပျက်စီးမှုနှင့်အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေ ပြန်လည်ပေးဝေနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည်မန္တလေးလျှင်ကြီးလှုပ်ခတ်မှုကြောင့် ရမည်းသင်းမြို့နယ်ရှိ ကတင်ကန်အောက်ဘက်ပိုင်းတွင် အက်ကွဲကြောင်းများနှင့်ကန်ပေါင်ထိပ်ပြင်ပြတ်ရွေ့အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့မှုကိုလည်းကောင်း၊ သစ်ဆုံရေလှောင်တမံရေထုတ်ပြွန်အပေါ်ပိုင်းပျက်စီးမှု ပြန်လည်ပြုပြင်ခြင်းနှင့်သစ်ဆုံရေလွှဲဆည်၏ လက်ဝဲဘက်ခြမ်းမြေထိန်းနံရံအက်ကြောင်းများ ဖြစ်ပေါ်ခဲ့မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက မန္တလေးလျှင်ကြီး လှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုနှင့်အရေးပေါ် ယာယီပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေပြန်လည်ပေးဝေနေမှုကို ရှင်းလင်းတင်ပြကြသည်။

ကတင်ကန်ရေသောက်စနစ်တွင် ယခုနှစ်နွေသီးနှံရာသီ၌ နွေစပါးနှင့်နွေအခြားသီးနှံ ဧက ၂၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး သစ်ဆုံရေလှောင်တမံဆည်ရေသောက်စနစ်တွင် နွေစပါးနှင့် နွေအခြားသီးနှံဧက ၂၄၀၀ ကျော်တို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရပြီး လက်ရှိစစ်ဆေးတွေ့ရှိမှု အခြေအနေအရ ရေလှောင်တမံကြံ့ခိုင်လုံခြုံမှုအခြေအနေမှာစိုးရိမ်ရန်မရှိကြောင်း သိရသည်။

ထို့နောက် မိတ္ထီလာကန်(တောင်ကန်)သို့ရောက်ရှိပြီး မန္တလေးလျှင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ကန်ပေါင်ထိခိုက်ခဲ့မှု၊ အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် စက်ယန္တရားအင်အားပြည့်ဖြင့် ကန်ပေါင်မြေဖို့ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီသော ဖို့မြေအမျိုးအစားဖြင့် အချိန်မီ မြေဖို့ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များအား သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မိတ္ထီလာကန်(တောင်ကန်)ကန်ပေါင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၈ ရက်တွင် လုပ်ငန်းဆောင်ရွက်မှု ၈၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်းနှင့် ယခုလကုန်တွင် ပြုပြင်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဧပြီလ၂၉ ရက်အထိ သေဆုံးသူ ၃၇၉၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီလ ၂၈ ရက် ည ၇ နာရီမှ ၂၉ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shani Bussha's Light International Association Yayasan Sin Chew အဖွဲ့အစည်းများက ထောက်ပံ့ပေးသည့် တဘက်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ စောင်၊ ခြင်ထောင်၊ အိပ်ရာ၊ ဆိုလာမီးအိမ်၊ ရွက်ဖျင်တဲ ၃ ဒသမ ၉၁၈ တန်၊ တရုတ်-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရေးအသင်းက ထောက်ပံ့ပေးသည့် ဆေးဝါး ၂ ဒသမ ၁၈၅ တန်၊ Buddhist Tzu Chi Charity Foundation ကထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာ ၅ ဒသမ ၅၄၇ တန်၊ Serum Institute of India Pvt Ltd. မှပေးပို့သည့် Tetanus Diphtheria (TD) ကာကွယ်ဆေးနှင့် Meases Rubella ကာကွယ်ဆေးများ သုည ဒသမ ၄၉ တန်၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)က ထောက်ပံ့ပေးသည့် ရွက်ဖျင်တဲများထည့်ထားသော သစ်သားပုံး ၁၀ ပုံး ၇ ဒသမ ၆၃၆ တန်နှင့် ရွက်ဖျင်တဲများ ၂ ဒသမ ၃၄၉ တန် အသီးသီး ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ




BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com





ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။




အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



နေပြည်တော် – ဖုန်း – ၀၆၇ – ၃၄၃၄၇၁၂၊ ၀၉ – ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၈၃၇၈၉၆၅၊ ၀၉ – ၄၂၄၄၄၆၆၄၊ ဖက်(စ်) – ၀၁ – ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း – ၀၉ – ၄၂၄၄၄၆၆၅၊ ဖက်(စ်) – ၀၂ – ၄၀၃၀၄၆၇

We Protect The Family

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့အား ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် မေ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ - ရွှေကုက္ကိုလ် (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ၁၇ ဦးတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Zoheir Boudraa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Counsellor Ms. Jarin Sajayabinti Abdul Hathi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဧပြီလ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ ၂၇ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သင်းခွေချပ်ကြေးခွံ (၆၄)ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀၀)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဧပြီလ ၂၇ ရက်**တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Myanmar Yangon Truck (၁)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဧပြီလ ၂၈ ရက်**တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၉၂၃၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Mon Hla ရေယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၃၉၉၂၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဧပြီလ ၂၈ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဆွတ်ငိုင်တောင်နယ်မြေရှိ ကုန်တင်ကုန်ချစခန်း၊ ယာဉ်ရပ်နားကွင်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၃၀၀၀၀)ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုဇုန်နယ်မြေ လမ်းသွယ်(၇)ရှိ ခြံအမှတ်(၁၁၃)နှင့် (၁၁၄)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၇၅၄၈၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၈၄၁၇၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရေပူကျေးရွာ မွေးမြူရေးဇုန်ရှိခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၂၃၃၀၇၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်-ကျိုင်းတုံ ကားလမ်း၊ မလိပါကော လမ်းဘေးအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ်၊ မင်းရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၃၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၉၃၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ် နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်နှင့် ကော့သောင်း မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်း သုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့်ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၄ ဒသမ ၁၃၉)တန်၊ သစ်မာ (၄ ဒသမ ၆၄၃)တန်၊ အခြားသစ်(၅ ဒသမ ၃၈၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၃၀၃၂)ကို သစ်တောဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၃၀၃၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၃၂၃၄၆)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

(သတင်းစဉ်)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၆၇)ခုအတွက်အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအားဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ နေပြည်တော်)တို့တွင် ၂၉-၄-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၈-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင်ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈(အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃(အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀(အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သောသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၄-၂၀၂၅ ရက်နေ့မှစ၍ ၁၁-၅-၂၀၂၅ ရက်နေ့အထိ ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဝယ်ယူနိုင်ပြီး ၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့ထိ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့်ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့ အရောက်ပေးပို့တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာသင်တန်းပေးဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇၃၄၀၄၅၀၅(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉၈၉၇၆၅၃၃၇၅ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ ၀၉၈၈၇၆၄၅၅၈၀/၀၉၇၅၇၂၀၄၁၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် ၀၉၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

နေလင်းနိုင်(ဘ)ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၁၆၄၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၀၂၆၆၃၀

**ပျောက်ဆုံးကြောင်း**

မာမာချို(ဘ)ဦးမြင့် ၁၂/လသယ(နိုင်)၀၆၂၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၆၄၃၃၀၀၂၂

**ပျောက်ဆုံးကြောင်း**

ချစ်လူအောင်(ဘ)ဦးသောင်းဦး ၉/ဇယသ(နိုင်)၀၁၀၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 281484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၆၄၀၂၆၁၇

**ပျောက်ဆုံးကြောင်း**

ဘုန်းမြင့်ဖွဲ့(ဘ)ဦးမြင့်အောင် ၂/ဒမဆ(နိုင်)၀၀၁၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၆၄၁၂၄

**ပျောက်ဆုံးကြောင်း**

လှလှမြင့်(ဘ)ဦးသောင်းရွှေ ၁၂/ရကန(နိုင်)၀၀၄၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 199434)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၀၁၉၁၆၂

**ပျောက်ဆုံးကြောင်း**

ဦးထင်ကျော်(ဘ)ဦးညွန့် ၁၂/ဥကတ(နိုင်)၁၃၂၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 008410)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၈၃၉၁၄၃

**ပျောက်ဆုံးကြောင်း**

ခင်ဖြိုးနှင်း(ဘ)ဦးဆောင်းတင် ၇/ပတတ(နိုင်)၁၂၃၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 062094)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၃၉၉၉၅၄

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**

စမ်းစမ်းနွဲ့(ဘ)ဦးငွေသန်း ၁၂/ကမရ(နိုင်)၀၃၈၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၀၇၇၄၉

**ပျောက်ဆုံးကြောင်း**

စိုးမိုးကျော်(ဘ)ဦးအောင်မြင့် ၉/တကန(နိုင်)၂၈၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မောင်စည်သူ(ဘ)ဦးမြင့်ကို ၇/သဝတ(နိုင်)၁၅၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 350570)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နုနုထွန်း(ဘ)ဦးလှထွန်း ၁၂/လမန(နိုင်)၁၂၅၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မောင်ရဲထက်(ဘ)ဦးသစ်လွင် ၁၂/ဥကမ(နိုင်)၂၅၇၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 833839)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၆၁၀၅၉၅

**ပျောက်ဆုံးကြောင်း**

အေးသန္တာ(ဘ)ဦးလှအောင် ၇/ကဝန(နိုင်)၁၉၁၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့ပတ်လမ်းနေ မေသဇင်(ဘ)ဦးအောင်စိုး ၃/မဝတ(နိုင်)၀၆၃၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 969582)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၃၉၂၆၀၅

**ပျောက်ဆုံးကြောင်း**

နန္ဒာလှိုင်(ဘ)ဦးဝင်းမြိုင် ၇/ကတခ(နိုင်)၂၀၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လှိုင်ငြိမ်းချမ်း(ဘ)ဦးမောင်မောင် ၁၂/ဥကတ(နိုင်)၁၅၄၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

နွယ်နွယ်ဦး(ဘ)ဦးဇော်မိုး ၉/ကပတ(နိုင်)၃၁၇၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 462134)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၂၀၃၇၈၅

**ပျောက်ဆုံးကြောင်း**

သန်လျင်မြို့၊ တောက်တော်တွင်းရပ်ကွက်၊ အဝေယျာသုခလမ်း၊ အမှတ်(၆)နေ ဦးစိုင်းဆိုက်ကျောက်(ဘ)ဦးစိုင်းဆမ် ၁၃/ကတန(နိုင်)၀၈၉၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 338016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၉၅၀၅၅

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောက်မြို့၊ ပေကုန်းနေ အိအိထွေး(ဘ)ဦးကျော်မိုး ၁၄/ကကထ(နိုင်)၂၁၁၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 400424)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၉၅၀၅၅

**ပျောက်ဆုံးကြောင်း**

တောင်တွင်းကြီးမြို့၊ ကုလားကန်အုပ်စု သိမ်ကုန်းရွာနေ ထက်ဇော်နောင်(ဘ)ဦးဝင်းနောင် ၈/တတက(နိုင်)၁၈၄၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မြဝတီမြို့၊ သုခလင်းမြိုင်ကျေးရွာ၊ စန္ဒမလာကျောင်းနေ ဦးစိန္တိတ(ဘ)ဦးမောင်သိန်း ၉/လဝန(သ)၀၀၀၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 319886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၀၉၅၉၂၈

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၅-၂၀၂၆)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လမ်းခင်းပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ကြော်ငြာသင်ပုန်းတွင် (၈-၅-၂၀၂၅)ရက်နေ့မှစ၍ ဖော်ပြထားပါမည်။

| | | | |
|---|---|---|---|
| ၁။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် | - | (၈-၅-၂၀၂၅)(၁၀:၀၀)နာရီ |
| ၂။ | တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | (၁၄-၅-၂၀၂၅)(၁၅:၀၀)နာရီ |
| ၃။ | တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | (၁၅-၅-၂၀၂၅)နံနက်(၁၀:၀၀)နာရီ |
| ၄။ | တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့။ |

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း ၀၄၆-၂၂၀၂၀၃ တွင် (၈-၅-၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)**
**လမ်းဦးစီးဌာန**
(ဖုန်း-၀၉-၄၂၄၇၈၅၁၁၊ ၀၉-၇၉၅၈၆၃၂၂၉)

**ပျောက်ဆုံးကြောင်း**

ဖျက်ထာပါရ်(ဘ)ဦးဟာလ်လုံး ၄/ဖလန(နိုင်)၀၅၂၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၁၇၆၄၃၃၈





**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ မရိုးခကျေးရွာအုပ်စု၊ အ.ထ.က(သပြုကွင်း)၊ Grade-8 မှ မချယ်ရီဝင့်ဝါ၏ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးအောင် ၁၄/ဇလန(နိုင်)၁၂၂၃၇၃ ဖြစ်ပါကြောင်း။ ဦးပြည့်ဖြိုးအောင်

**ဖခင်အမည်မှန်**

နေပြည်တော်၊ အ.ထ.က(၁၄)ရွှေကြာပင် Grade-10 မှ ပညာသင်ကြားနေသော မနေခြည်ဦး၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင်၁၀/သထန(နိုင်)၁၈၆၄၉၁ ဖြစ်ပါကြောင်း။ ဦးအောင်မျိုးနိုင်

**ပျောက်ဆုံးကြောင်း**

သဇင်မိုး(ဘ)ကိုကိုလေး ၉/စကတ(နိုင်) ၁၁၇၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၈၀၉၁၆

**ပျောက်ဆုံးကြောင်း**

စန်းစန်းယု(ဘ)ဦးပြည့် ၉/စကတ(နိုင်) ၀၆၁၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၇၀၉၈၅၁

**ပျောက်ဆုံးကြောင်း**

မချိုငယ်(ဘ)ဦးပလုံး ၆/ကသန(နိုင်) ၁၁၁၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## လမ်းအထူးအဖွဲ့(၁၄)

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)၊ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာရှိ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၇-၅-၂၀၂၅)ရက်နေ့မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်းနံပါတ် ၀၉-၆၆၉၅၀၁၇၄၂ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | (၇-၅-၂၀၂၅)ရက်၊ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံအရောင်းပိတ်မည့် ရက်/အချိန် | - | (၁၆-၅-၂၀၂၅)ရက်၊ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | (၂၀-၅-၂၀၂၅)ရက်၊ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | သုံးခွမြို့ရှောင်လမ်းလုပ်ငန်းခွင်အခြေစိုက်စခန်းရုံး |

တင်ဒါလျှောက်လွှာပုံစံများကို လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)၊ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာရှိ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် (၇-၅-၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)ရန်ကုန်**
**ဖုန်း ၀၉-၆၆၉၅၀၁၇၄၂**

**အစုရှယ်ယာလျှော့ချခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော် NAY SHINE AUNG COMPANY LIMITED ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း ၁၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင့်ငါးရာ)တိတိမှ ကျပ်သိန်း ၅,၀၀၀,၀၀၀/-(ကျပ်သိန်းငါးဆယ်)တိတိသို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

NAY SHINE AUNG COMPANY LIMITED
092220179

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**

မဆိုင်းအိန်(ဘ)ဦးဘောမ်တိန်း ၁၃/ကခန(နိုင်)၁၃၉၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

စန္ဒာထွန်း(ဘ)ဦးစန်ထွန်း ၉/မရမ(နိုင်) ၀၄၅၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

လာလ်ချဲရုံးရီး(ဘ)ဦးဟာရန်းသင်လာလ် ၄/ပလန(နိုင်)၀၄၀၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

မျိုးကိုဦး(ဘ)ဦးကျော်မျိုးထွန်း ၅/ယမပ(နိုင်) ၁၆၀၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၉၇၂၀၀၀

**ပျောက်ဆုံးကြောင်း**

ဘရိုင်ယာန်လာလ်ရမ်းစီးယမ်းလျန်နာ(ဘ)ဦးမင်းအောင်နိုင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

နေဝင်းထိုက်(ဘ)ဦးတင်အောင် ၁၃/နမတ(နိုင်)၀၁၆၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

နွေးနွေးအောင်(ဘ)ဦးဇော်လင်း ၁၂/စခန(နိုင်)၀၅၅၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အေးအေးထွန်း(ဘ)ဦးလှဝင်းသိန်း ၁၂/လသယ(နိုင်)၁၀၆၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 462808)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၀၃၅၅၃၁

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၈၈)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် (၁၀-၄-၂၀၂၅)ရက်နေ့မှ(၁၃-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၉-၅-၂၀၂၅)ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၀၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyitaw State Polytechnic University တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် (၁၀-၄-၂၀၂၅)ရက်နေ့မှ(၁၃-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၉-၅-၂၀၂၅)ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၀၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyitaw State Polytechnic University တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်. . .

❖ ပညာရေးသည်အခြေခံဖြစ်သဖြင့် အဓိကကျ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် ဧပြီ ၂၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော

စာမျက်နှာ ၁၀ ကော်လံ ၁ ⇨







## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၂၉ သို့

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ




၂၀၂၅ ခုနှစ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။

နေပြည်တော် ဧပြီ ၂၉

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်နှင့်ရေကူးဘာသာရပ်တို့တွင်ပါဝင်သည့်သင်ခန်းစာများကို ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❍

